ဗုဒ္ဓသာသနဘာရော အဝသံ ဝဟိတဗ္ဗော

“ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။”

# ဿာဏ္ဍနိုးကြနို့

မွေ့စာစောင်

၁၃၇၉ ခုနှစ်၊ ဝါခေါင်-တော်သလင်း၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ်၊ အတွဲ (၂၂) အမှတ် (၀၂)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော။
ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။

# သာထွန်းပြန့်ဓမ္မစာစောင်

(အတွဲ -၂၂၊ အမှတ် -၁၂)


သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ကမ္ဘာအေး၊ ရန်ကုန်မြို့

မြန်မာသက္ကရာဇ် – ၁၃၇၉ သာသနာတော်နှစ် – ၂၅၆၁ ခရစ်နှစ် –၂၀၁၇

အမှတ် ၀၃၂-၂၃၃
ရက်စွဲ ၉-၈-၁၇
သုတေသနဓာတ်ကြည့်တိုက်

# သာသနာ့ရောင်ခြည် ပြန့် မဂ္ဂဇင်း

ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

အတွဲ (၂၂)၊ အမှတ် (၁၂)၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်-တော်သလင်း၊
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ

**နာယကကြီးများ**
သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

ဦးမိုးဇော်ရွှေ
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**
ဦးဘဟိန်း

**တာဝန်ခံစာတည်း**
ဦးကြည်မြင့် (သာသနဓဇဓမ္မာစရိယ)

**တွဲဘက်စာတည်း**
ဦးညီညီစိုး (သာသနဓဇဓမ္မာစရိယ)
( M.A., (New Delhi)
M.Phil., Ph.D. (Thesis), (Calcutta)

**တွဲဘက် ပရ(ဖ်) အယ်ဒီတာ**
ဦးဟန်မင်းအောင် (သာသနတက္ကသီလဓမ္မာစရိယ)
B.A,(Buddhism) M.A, (Thesis)

**ထုတ်ဝေသူ**
ဦးဘဟိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ ဝေဘူဆရာတော်ဘုရားကြီး၏
ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"လဝါခေါင်က မေတ္တာမိုး"

၇ အယ်ဒီတာအာဘော်
"ပုဗ္ဗေစ ကတပုညတာ မင်္ဂလာတရားတော်"

၉ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)
ပါးစုံညီအစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

၁၄ သံဝေဂပန်းများ ကျိုက္ကဘာစန္ဒ

၁၅ မီးမရှုန်းသူ ဖျာပုံ-တင်နိုင်ဝင်း

၁၆ နောင်တ ပညာရှိတစ်ဦး

၁၇ မိလိန္ဒပဉှာ

၂၀ အခြေပြုပဋ္ဌာန်းတရားတော် အရှင်ဇနကာဘိဝံသ

၂၄ ကျွန်တော်တွေကြုံဘူးသော သူတို့အကြောင်း (ပြည့်သခ

၂၈ သာသနာပြုသူတို့၏ ဘဝမှတ်တမ်းများ သန်းရွှေပိုင်-တမူး
၃၂ "ပညာရှိသေနက"
ဇာတ်လမ်း- တက္ကသိုလ်-သျှင်သီရိ(ဓမ္မာစရိယ-ဘီအေ)
ပန်းချီ- တင်ထွန်းထွန်း
၄၀ စောင့်ရှောက်ကာဆီး ကမ္မဋ္ဌာန်းနည်းများ သထပ- ကျမ်းပြု
၄၃ မကောင်းစကား မဖြစ်စေလို မောင်နိုး (ရွှေဗုမ်)
၄၈ ရေကောင်းရေသန့် ဦးတင်မြင့်
၅၃ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ မြတ်နိုးခင်(ကျားပျံ)
၅၆ မ. ဟ. န ဥက္ကဋ္ဌ ဇန်းမော်ဆရာတော်ဘုရားကြီး၏
ဒါန၊ သီလ အခြေခံသမထဝိပဿနာ
ရှုမှတ်ပွားများနည်းတရားတော်များ

A Practical Way Of Calmness and
Insight-Medition Based on
Charity and Moral Ethics
Trans: by U Aung Thein Nyunt
၆၀ ပြည်တွင်းသာသနာရေးမှတ်တမ်း မြတ်ဘုန်းစံ



**သာထွန်းပြန့်ဓမ္မစာစောင်**
**ရုံးအဖွဲ့**
ဒေါ်တိုးတိုးလွင် (ဦးစီးအရာရှိ)
ဒေါ်ဝင်းကြည် (ဒု-ဦးစီးမှူး)

**ပုံနှိပ်သူ**
ပြည့်ဖြိုးအောင်ပုံနှိပ်တိုက်
ဦးဖြိုးဟန်သိန်း မှတ်ပုံတင်(၀၁၃၉၄)
အမှတ်(၂၀၁)၊ အဝေရာလမ်း
၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်



# ဝေဘူဆရာတော်ဘုရားကြီး

၏

# ဩဝါဒကထာ

"ကျေးဇူးတစ်ခါပင်ရှိစေကာမူ မမေ့သင့်"
ကျေးဇူးဆိုတာ
အခါတစ်ရာဆဲဆိုထားတာကိုမေ့ပြီး
တစ်ခါပြုဘူးတာကို
မြင်ပြီးတော့သိနေရတယ်။

ဝေဘူဆရာတော်ဘုရားကြီး

# လဝါခေါင်က မေတ္တာခမိုး

သိဟ်ဝါခေါင် ရာသီစက်မှာတော့၊ မိလ္လာရောင် ပြာရီဖက်ပါလို့၊ ဏ္ဍနွာမောင် ဝါနီယှက်တယ်၊ မိုးတက်လို့ မှောင့်ထက်မှောင်။ ။ ရုပ်ပုံမှာ ရွှေခြသေ့်ငယ်နှင့်၊ သိမ်မွေ့ကာ ပျော်လွန်လို့၊ သရဝဏ် ရွှေကြယ်မြူးတယ်၊ ထူးတဲ့အရောင်။ ။ စာရေးတန် သဘင်ပြုတော့ကို၊ ပန်းခတ္တာ မာလာနုငယ်နှင့်၊ ကင်းဖက်မူ ခေါင်ထက်ခေါင်၊ အိုပြည်ထောင်လုံးခြိမ့်လေး။ ။ ရွာမယောင်လေလေ့၊ ဝလာမောင် မာန်တော်ဖြိုးပါလို့၊ သည်မိုးပုံလျှပ်ခြည် ဆန်းတယ်နှင့်၊ အခိုးစုံပတ်လည်က သန်းတော့တယ်၊ နန်းပြည်မြို့ ဝေးတဲ့မှကွယ်၊ မှန်းရည်လို့ဆွေး။ .... အမည်မသိရှေးမြန်မာစာဆိုပညာရှိကြီးက ဆယ့်နှစ်လရာသီဖွဲ့ ခွန်းတောက်များတွင် ဝါခေါင်လ အတွက်ခွန်းတောက်ကို အထက်ပါအတိုင်း ဖွဲ့ဆိုထားပေသည်။

သိဟ်ရာသီမှာကျရောက်သော လဝါခေါင်သည် မြန်မာတို့၏ရိုးရာဓလေ့အရ မိုးဥတု၏ အလယ်ကာလအခါသမယမို့ မိုးလမ်းကြီးသည် မရွာတစ်ချက်၊ ရွာတစ်ချက်၊ သူရိယခေါ် နေမင်းကြီး၏ အလင်းရောင်သည် မှောင်တစ်ခါ၊ လင်းတစ်ချက် လောကလူသားတို့အတွက် လိုအပ်ချက်ကိုဖြည့်ဆည်းပေးလျှက်ရှိသော လတစ်လဖြစ်ပေသည်။

ခတ္တာပန်းသည် လမြတ်ဝါခေါင်တွင် ထွားထွားငွင့်ငွင့် ကားကားစွင့်စွင့် ပွင့်သောအခါ၌ မြန်မာတို့၏ရိုးရာဓလေ့အတိုင်း စာရေးတန်မဲချ၍ သံဃဒါနအလှူပွဲများကို ချိမ့်ချိမ့်သဲကျင်းပ ပြုလုပ်ရာကာလသည် ဝါခေါင်လပင်ဖြစ်ပါသည်။

ယခုအခါ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ်သတ်မှတ်လျှက် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ကျင်းပပြုလုပ်၍ မေတ္တာတရားပြန့်ပွားအောင် ဆောင်ရွက်လျှက်ရှိပါသည်။ ဖြစ်ပေါ်လာပုံအကျဉ်းအားဖြင့်တင်ပြရသော် ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်အခါ ရဟန်းတော်ငါးရာတို့သည် မြတ်ဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်၍တောအုပ်တစ်ခု တွင် ဝါဆိုဝါကပ်တော်မူကြပါသည်။ ရဟန်းတော်များ၏ သီလတန်းခိုးကြောင့် နေရာဖယ်ပေးကြရသော အနည်းငယ်သောနတ်များက အမျိုးမျိုးခြောက်လှန့်ကြသောကြောင့်

တရားတော်ကို ကောင်းမွန်စွာနှလုံးမသွင်းနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာခြောက်ခြားမှုတွေနှင့် ရင်ဆိုင်ရလေသည်။ ယင်းသို့ရင်ဆိုင်ရသောအခါ ရဟန်းတော်ငါးရာတို့သည် ဝါတွင်းကာလမှာပင် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်၍ကြွသွားသည်။

ဘုရားမြတ်စွာသည် ပြန်လည်၍ကြွလာကြသောရဟန်းငါးရာတို့ကို အကျိုးအကြောင်းမေးမြန်းတော်မူသောအခါ အကြောင်းစုံကိုလျှောက်ထား၍သိတော်မူသဖြင့် မေတ္တာလက်နက်ကိုယူဆောင်ပြီး တောအုပ်သို့ပြန်လည်သီတင်းသုံးရန်မိန့်တော်မူကာ မေတ္တာသုတ်ဒေသနာတော်ကိုဟောကြားတော်မူသည်။ ရဟန်းငါးရာတို့၏မေတ္တာဓာတ်ကြောင့် နတ်များချစ်ခင်လာကြပြီး ငြိမ်းချမ်းစွာသီတင်းသုံးတော်မူကြသည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်၌ ဝါခေါင်လတွင် ဒုတိယဝါကပ်တော်မူကြပြီး မေတ္တာတရားပွားများ၍ ဝိပဿနာဘာဝနာတရားကိုဆက်လက်အားထုတ်တော်မူကြလေရာ ဝါမကျွတ်မီကာလ အားလုံးသောရဟန်းတော်ငါးရာတို့ရဟန္တာဖြစ်တော်မူကြသည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ဝယ် မေတ္တာဘာဝနာပွားခြင်းကုသိုလ်ထူးကိုအားထုတ်လျက် ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်း၊ နွားများကို ဘေးမဲ့တောသို့ပို့ဆောင်၍ကုသိုလ်ယူခြင်း-စသည့်ကုသိုလ်ကောင်းမှုများပြုလုပ်ဆောင်ရွက်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူမေတ္တာအခါတော်နေ့ ဝါခေါင်လပြည့်ဝယ် မေတ္တာနှင့်စပ်ယှဉ်သောကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးလွှမ်းခြုံနိုင်ကြပါစေကြောင်း ပတ္ထနာပြုလျှက်·········

(က) မေတ္တာဆိုတာ ကြိုင်ကြိုင်မွှေးတဲ့၊ အခိုင်ကလေးနဲ့ ပန်းတွေလို။

(ခ) လေအောက်လေညာ ဘယ်မရွေးဘူး၊ တကယ်မွှေးတဲ့ ဗြဟ္မစိုရ်။

(ဂ) သူသူငါငါ မှန်သမျှတို့၊ ပန်ကြဆင်ကြ နေ့တိုင်းကို။

(ဃ) မေတ္တာအကျိုး ဂုဏ်တန်ခိုး၊ ပြည့်ဖြိုးရစေလို။

(င) အဲဒါကြောင့် ဘေးကင်း ရန်ကင်း ဆောင်ကြဉ်း မေတ္တာကို။

အာရုံပြုလျှက် ဝါခေါင်လ၏ ပုံရိပ် အဖြစ်မှတ်တမ်းတင် ဂုဏ်ပြုဖော်အပ်ပါသည်။

# "ပုဗ္ဗေစ ကတပုညတာ မင်္ဂလာတရားတော်"

| | |
|---|---|
| စတုတ္ထ မင်္ဂလာတရားတော်။ | ။ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ။ |
| မြန်မာပြန်။ | ။ရှေးဘဝကပြုခဲ့ဖူးသောကောင်းမှုအထူးရှိခြင်းသည် မင်္ဂလာဖြစ်သည်။ |
| ဆရာကြီး ဒဂုံဦးထွန်းမြင့်။ | ။ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူးရှိပါစေ။ |
| မုံရွေးဆရာတော်၏ ပျို့။ | ။ရှေးဝယ်ကာလ၊ ရှေးဘဝက၊ ပုညဝတ္ထု၊ ပြုစုခဲ့ဘူး၊ အထူးရှိလစ်၊ ထိုအဖြစ်လည်း၊ စင်စစ်တသွယ်။ |
| ပျို့၏ အဓိပ္ပါယ်ကား။ | ။ ရှေးရှေးသောဘဝ ရှေးရှေးသောကာလအခါသမယက မိမိကိုယ်တိုင်ပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှု အထူးရှိသည်၏အဖြစ်သည် ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာမည်ပါသည်။ |

ရှေးဘဝဟူသည်။ ။ ဗုဒ္ဓမြတ်စွာက အတိတ်ဘဝ၏ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ပစ္စုပ္ပန်ဘဝကို ရရှိသည်။ ယခုပစ္စုပ္ပန်ဘဝ၏ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် နောင်အနာဂတ်ဘဝကို ရရှိလိမ့်မည်။ ဘဝဟူသည်ကား ဖြစ်ခြင်းတည်း။ ကုသိုလ်ဟူသည် ကောင်းကျိုးကို ပေးမြဲဖြစ်သောကြောင့် မည်သည့်ကုသိုလ်ပင်ဖြစ်စေကာမူ အတိတ်ကုသိုလ်ဟူသမျှသည် ပုဗ္ဗေ စ ကတပုညတာမင်္ဂလာဖြစ်ပါသည်။ အတိတ်ကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်က ကြီးပွားချမ်းသာရေးအတွက် အားကြီးသောအထောက်အပံ့ကို ပေးနိုင်ပါသည်။ တိဟိတ်ကုသိုလ်ဟူသည် ကုသိုလ်ပြုရာ၌ ကံ၊ကံ၏အကျိုးကို ယုံကြည်သောကမ္မဿကတာဉာဏ်နှင့်ဖြစ်စေ၊ သို့မဟုတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်တတ်သော ဝိပဿနာဉာဏ်ဖြစ်စေ ကုသိုလ်ပြုခဲ့လျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်မည်ပေသည်။ အလောဘ၊ အဒေါသ၊ အမောဟတည်းဟူသော ဟိတ်သုံးပါးနှင့်ယှဉ်၍ပြုသောကုသိုလ်သည် တိဟိတ်ကုသိုလ်ဟုဆိုလိုခြင်းဖြစ်ပေသည်။ ကုသိုလ်ပြုရာ၌ ယင်းဟိတ်သုံးပါးနှင့်လည်းပြည့်စုံ၊ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတည်းဟူသော အဓိပတိတပ်လျက် ကုသိုလ်ကောင်းမှုပြုနိုင်လျှင် အကျိုးပေးသောအခါ ပိုမိုထက်သန်သောအကျိုးတရားကို ရရှိပါသည်။

**သမ္ဘတ္တိစက်လေးပါး။** ။ ပဋိရူပဒေသဝါသ-လျောက်ပတ်သောအရပ်၌နေရခြင်း၊ သပ္ပုရိသူပနိဿယ-သူတော်ကောင်းကို မှီခိုရခြင်း၊ အတ္တသမ္မာပဏိဓိ-မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊ ပုဗ္ဗေစကတပုညတာ-ရှေးကပြုဘူးသောကောင်းမှုရှိခြင်း-တည်းဟူသော စက်လေးပါးနှင့်ပြည့်စုံလျှင် စည်းစိမ်ဥစ္စာရတနာများ ပြန့်ပြောများပြားသည်၏အဖြစ်သို့ရောက်မည်။ ဓမ္မပါလပျို့၌ ‘ အနေလည်းကောင်း၊ အပေါင်းလည်းသင့်၊ အကျင့်လည်းမှန်၊ ပေးပြန်အလှူ၊ ဤလေးဆူလျှင်၊ ကြီးသူမြှောက်စား၊ သူတော်အားကိုး၊ စီးပွားဆောင်ရွက်၊ စတုစက်ဟု၊ လေးဘက်စုမှု။’ ဖော်ပြမိန့်ဆိုသကဲ့သို့ သမ္ဘတ္တိစက်လေးချက်နှင့်အညီဖြစ်ရန်လည်းလိုပါသည်။ ယင်းသမ္ဘတ္တိစက်လေးပါးတို့တွင် ပုဗ္ဗေ စ ကတပုညတာစက်သည် အခြေခံအားဖြင့် အဓိက အခန်းကဏ္ဍ၌ ရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပုဗ္ဗေ စ ကတပုညတာ-ရှေးကာလအခါ သမယက ပြုခဲ့ဖူးသော တိဟိတ်ကုသိုလ်ကံသည် ကောင်းမှုရှင်ကို ပဋိရူပဒေသ-သင့်လျော် လျောက်ပတ်ကောင်းမြတ်သောနေရာဌာနသို့ အရောက်ပို့ဆောင်ပေး၏။ သပ္ပုရိသူပနိဿယ-သူတော်ကောင်းသို့ ကောင်းမှုရှင်အမှီရအောင် စီမံ၏။ အတ္တသမ္မာပဏိဓိ-မိမိကိုယ်စိတ်ကို ကောင်းစွာထားနိုင်အောင်၊ လူတော်လူကောင်းဖြစ်အောင် ကုသိုလ်ကံက ကောင်းမှုရှင်ကို ဖန်တီးပေး၏။

**မဃဒေဝ။** ။ “ ပုဗ္ဗေကတ၊ ရှေးဘဝက၊ ပုညဆင်းရဲ၊ ကံမွဲချို့တဲ့၊ ဘုန်းမဲ့သသူ၊ များဗိုလ်လူတို့၊ ချမ်းပုမနေ၊ ရှာဖွေကြိုးကုတ်၊ အားထုတ်အထူး၊ ဆည်းပူးလုံ့လ၊ ပြုသမျှကား၊ ရှေးကကောင်းမှု၊ အပြုများလှ၊ ပုညသီရိ၊ ပြည့်စုံဘိသည့်၊ ဘုန်းရှိသူတို့၊ ခံစားဘို့တည်း၊ ထိုသို့စင်စစ်၊ ဖြစ်၏လူတွင်၊ အမြင်မျက်စိ၊ ရှုမျှော်သိလော့၊ ဘုန်းရှိကား စံ၊ ဘုန်းမဲ့ရံ၏” ဟု မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာပိုဒ်တွင် ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ တရားတော်အရေးကြီးပုံကို စပ်ဆိုဖွဲ့နွဲ၍ ကဗျာလင်္ကာဖြင့် ညွှန်းဆိုကာ ဆုံးမတော်မူခဲ့ပါသည်။

**ဥပမာသော်ကား။** ။ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက အလွန်ထင်ရှားကျော်စောလှသော ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ ဃောသကသူဌေး၊ မေဏ္ဍကသူဌေး-တို့သည် ရှေးကပြုခဲ့သောကောင်းမှု (ပုဗ္ဗေစ ကတပုညတာ)ကြောင့် ပစ္စုပ္ပန်ဘဝ၌ စည်းစိမ်ဥစ္စာ ရတနာတို့နှင့်ပြည့်စုံသောသူဌေးကြီးများဖြစ်လာကြသည်။

ယခုကာလ၌ သမ္ဘတ္တိစက်လေးပါးနှင့်ပြည့်စုံအောင် ဉာဏ်ဝီရိယမွန်းမံလျှက် လောက အတွက်၊ မိမိအတွက် မင်္ဂလာတရားဖြင့် ကိုယ်စီအလှဆင်နိုင်ကြပါစေ။

# နိုင်ငံသူ နိုင်ငံသားတို့ ညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမှာဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး

မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဗန်းမော်ကျောင်းတိုက်ဆရာတော်

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမထေရ်၏

အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက် (တနင်္ဂနွေနေ့)

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဆရာတော်အရှင်သူမြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်အရေးကို အလေးဂရုပြုလျက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရပါသဖြင့် သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ယနေ့ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ စုဒ္ဒသမအစည်း အဝေး၌ အပါဒါနိပါဠိတော်+စရိယာပိဋကပါဠိတော်တို့၌ လာသော-

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ဟူသော မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် ဓမ္မစက်ဒေသနာ ဩဝါဒဂါထာကိုပင် ရှင်းလင်း လျှောက်ထားလိုပါသည်ဘုရား။

ဤဂါထာ၌ "ဝိဝါဒံ ဘယတော ဒိသွာ-ငြင်းခုံခြင်းကို ဘေးအားဖြင့် ရှုမြင်၍" ဟုဆိုရာဝယ် "ဝိဝါဒံ ဘယတော ဒိသွာတိ ဝိဝါဒံ ကလဟံ ဘယတော ဒိသွာ အပါယဘာဂီတိ ဒိသွာ ဥတ္တာ" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ပစ္စက္ခ၌ တွေ့ကြုံရမည့် အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေးများသာမက လွန်စွာကြီးလေးသည့် ဒုဂ္ဂတိဘေးတိုင်အောင် ကျရောက်နိုင်သည်ကို သိမြင်ကြ၍လည်းကောင်း၊

"အဝိဝါဒဥ္စ ခေမတော= အငြင်းမပွားခြင်းကို ဘေးမဲ့တရားအနေဖြင့် ရှုမြင်၍" ဟု ဆိုရာဝယ် "အဝိဝါဒံ ဝိဝါဒတော ဝိရမဏံ နိဗ္ဗာပတ္တိ"တိ ခေမတော ဒိသွာ ဥတ္တာ" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ပစ္စက္ခ၌ ဘေးရန်ကင်းငြိမ်းရုံမျှမက နိဗ္ဗာနစာတ်အမြိုက်ရပ်သို့ ဆိုက်ကပ်နိုင်အောင်ပင် အကျိုးတရားကြီးမားလှသည်ကို သိမြင်ကြ၍လည်းကောင်း၊ ဆန့်ကျင်ဘက်စကားပြောကြားငြင်းခုံမှုကို အထူးရှောင်ကြဉ်ရမည်ဖြစ်ပါသည်ဘုရား။

သမဂ္ဂါဟူသော ပါဠ်အရ သာမဂ္ဂီသည်

(၁) ဂဏသာမဂ္ဂီ

(၂) ဓမ္မသာမဂ္ဂီ

(၃)အနုဘိနိဗ္ဗတ္တိသာမဂ္ဂီ ဟူ၍ သုံးမျိုး ရှိသည်ကို မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူပါသည်။

ထိုသုံးမျိုးတွင် များစွာသော ရဟန်းတော် တို့ ညီညီညွတ်ညွတ်ဝမ်းမြောက်ဝမ်းသာ ငြင်းခုံမှုမရှိဘဲ "နို့နှင့်ရေရောနှောသည့်ပမာ" အချင်းချင်း ချစ်ခင်သောမျက်စိတို့ဖြင့် ကြည့်ရှုနေထိုင်ကြခြင်းသည် ဂဏသာမဂ္ဂီ မည်ပါသည်။

ဗောဓိပက္ခိယတရား (၃၇)ပါးတို့ တစ်ပေါင်းတည်း ကောင်းစွာတည်ခြင်းသည် ဓမ္မသာမဂ္ဂီမည်ပါသည်။

အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်ကုန်သော ရဟန်းတော်တို့၏ နိဗ္ဗာနဓာတ်၏ ယုတ်မှု ပြည့်မှုမထင်ခြင်းသည် အနဘိနိဗ္ဗတ္တိ သာမဂ္ဂီမည်ပါသည်။

ဤသာမဂ္ဂီ သုံးမျိုးတို့တွင် ဤဂါထာ လာ သမဂ္ဂါဟူသော ပါဠ်အရ "သမဂ္ဂါ စေတိတ္ထာ" ဟူသော အဋ္ဌကထာအဖွင့်ကို ထောက်ဆ၍ ဂဏသာမဂ္ဂီကို ယူရမည်ဖြစ် ပါသည်။ ထို့ကြောင့် ဘေးရန်ကင်းကွာ ချမ်း သာလိုသူတိုင်း စိတ်ဝမ်းမကွဲ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညွတ်ကြရမည်ဖြစ်ပါသည်။

ရဟန်းတော်အားလုံးစိတ်ဝမ်းမကွဲ တစ်သားတည်းညီညွတ်နေလျှင် တပည့်တော်တို့တစ်သာသနာလုံး ဘေးရန်ကင်းကွာ ချမ်း သာနေရမှာဖြစ်ပါသည်။ သန့်ရှင်းတည်တံ့ ပြန့်ပွားနေမှာ ဖြစ်ပါသည်။ နိုင်ငံသူ နိုင်ငံ သားတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ် စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံးဘေးရန်ကင်းကွာ ချမ်းသာနေမှာ ဖြစ်ပါတယ် ဘုရား။

"သခိလာ"ဟူသောပါဠ်၌ "သခိလာ သိလိဋ္ဌာ မေတ္တာယ ခုရဂတာယ သောဘမာနာ ဟောထာတိအတ္ထော"ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူသည် "သခိလ"မည်ပါသည်။ ထိုနူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ၏ ဖြစ်ကြောင်းဖြစ်သော (ထိုနူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူဖြစ် အောင် ပြုတတ်သော) မဟာကုသိုလ်၊ မဟာကြိယာစိတ္တုပ္ပါဒ်ကို "သာခလျ"ဟု ခေါ်ဆိုပါသည်။

"တတ္ထ ကတမံ သာခလျံ၊ ယာ သာ ဝါစာ အဏ္ဍကာ ကက္ကသာ ပရကဋုကာ ပရာဘိသဇ္ဇနီ ကောဓသာမန္တာ အသမာဓိသံ ဝတ္တနိကာ တာထာရူပိ ဝါစံ ပဟာယ ယာ သာ ဝါစာ နေဠာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇန ကန္တာဗဟုဇန မနာပါ တထာရူပိ ဝါစံ ဘာသိတာ ဟောတိ၊ ယာ တတ္ထ သဏှဝါစတာ သခိလဝါစတာ အဖရုသဝါစတာ။ ဣဒံ ဝုစ္စတိ သာခလျံ" ဟူသော ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာ တော်အရှင်မြတ်တို့သည် သံဃာ့ကိစ္စအဝဝတို့ကို ပြောဆိုဆွေးနွေးတော်မူကြရာ၌ နူးညံ့ ပြေပြစ် ချစ်ဖွယ်စကားပြောကြားမိန့်ဆိုတတ်

သော "သခလ"ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူ ကြ၍ "သာခလျ"ဟု ခေါ်ဆိုအပ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်များ အထပ်ထပ်ဖြစ် ပွားအောင်

အဏှက -ခုံသန၊ ဝမ္ဘနစသော စကား တို့ဖြင့် မပြေမပြစ် အထစ်အဖုရှိသောစကား၊

ကက္ကသ -ကြမ်းတမ်းသော နားမချမ်းသာဖွယ်ဖြစ်သောစကား၊

ပရကဋ္ဋက -သူတစ်ပါးတို့အတွက် ခါးစပ်သောအရသာနှင့်တူသောစကား၊

ပရာဘိသဇ္ဇနီ -သွားလိုရာသို့ သွားခွင့် မပေးဘဲ ငြိတွယ်တတ်သောဆူးခက်ကဲ့သို့ သူတစ်ပါးတို့စိတ်၌ ထိုးဆွ၍ ထိုးဆွ၍ လွန် စွာငြိကပ်တတ်၊ သူတစ်ပါးတို့စိတ်ကို ထိခိုက်စေတတ်သောစကား၊

ကောဓသမန္တာ- အမျက်ဒေါသ၏ အနီးအပါး၌ဖြစ်သော အမျက်ဒေါသထွက်လောက်အောင်ဖြစ်သောစကား၊

အသမာဓိသံဝတ္တနိကာ- ဥပစာရသမာဓိ အပ္ပနာသမာဓိကို မဖြစ်စေတတ်သောစကား၊

ဤခြောက်မျိုးသောစကားတို့ကို ပယ်ရှား တော်မူကြ၍

နေဠ - အပြစ်ကင်းသောစကား၊

ကဏ္ဏသုခ - နားချမ်းသာသော (နား ဝင်ချိုသောစကား၊

ပေမနီယ - ချစ်နှစ်သက်ဖွယ် မြတ်နိုး ဖွယ်ဖြစ်သောစကား၊

ဟဒယင်္ဂမ - မထိခိုက်ဘဲ ချမ်းသာစွာ စိတ်နှလုံးသို့ သက်ဝင်သောစကား၊

ပေါရီ -နေပြည်တော်သူမြို့ကြီးသူ တို့ စကားသဖွယ်ယဉ်ကျေးသောစကား၊

ဗဟုဇနကန္တ -လူအများနှစ်သက်အပ် သောစကား၊

ဗဟုဇနမနာပ- နှစ်သက်မြတ်နိုးအပ် သည်၏ အဖြစ်ဖြင့် လူအများ၏စိတ်ကို တိုးပွားစေတတ်သောစကား။

ဤခုနစ်မျိုးသောစကားတို့ကိုသာ ပြော ဆိုဆွေးနွေးတော်မူကြပါရန် လျှောက်ထားအပ်

ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအဆုံးအမဩဝါဒသည် ဂင်္ဂါဝါဠု သံစုမကပွင့်တော်မူကြကုန်ပြီးသော အဆူဆူသောဘုရားရှင်တို့၏ အဆုံးအမဩဝါဒတော် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်၏ တပည့်သားတော်များဖြစ်ကြကုန်သော တပည့်တော် တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ဤအဆုံးအမဩဝါဒကို လေးလေးနက်နက်ခံယူကြကာ လိုက်နာကျင့်သုံးတော်မူကြပါရန် လျှောက်ထားလိုပါ သည်ဘုရား။

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါ သခိလာဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ဘိက္ခဝေ- ရဟန်းတို့၊ ဝိဝါဒံ- သူမတရား ငါတရားနှင့်သူကားလွဲစင် ငါမှန် ထင်၍ ဆန့်ကျင်စကားအငြင်းပွားခြင်းကို၊ ဘယတော- ကြောက်ဖွယ်မအေး ဘေးအနေ အားဖြင့်၊ ဒိသွာစ- ယထာဘူတ သဘာဝ ဉာဏ်ဝင် အမှန်အတိုင်းသိမြင်ကြကုန်၍ လည်းကောင်း၊ အဝိဝါဒံ- မေတ္တာရှေ့ထား အငြင်းမပွားခြင်းကို၊ ခေမတော= ဘေးရန် မသမ်းအေးချမ်းသောအနေအားဖြင့်၊ ဒိသွာစ- ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်ကြ၍လည်းကောင်း၊ သမဂ္ဂါ- ကိုယ် စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားတည်းညီညွတ်ကြသည်လည်းကောင်း၊ သခိလာ- နူးညံ့ပြေပြစ် ချစ်ဖွယ်စကားပြောကြားကုန်သည်လည်းကောင်း၊ ဟောထ- ဧကန်စင်စစ် ဖြစ်ကြကုန်လော့၊ ဧသာ- ဤသည်ကား၊ ဗုဒ္ဓါနုသာသနီ- ဂင်္ဂါဝါဠုသဲစုမကပွင့်တော် မူကြသည့် ဗုဒ္ဓမြတ်စွာ အစိန္တေယျာတို့၏ ကရုဏာနှစ်လုံးအစဉ်သုံးလျက် ဆုံးမတော် မူချက်ဖြစ်ပါသတည်းဟု လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒနိဂုံးကို နိဂုံးကမွတ် အဆုံးသတ်ပါသည်ဘုရား။

# သိဝေဂပန်းများ

*　ပန်းတစ်ပွင့်
လန်းစွင့်လို့ ရှိနေစဉ်၊

*　လေတစ်မြှု
နေပူကြမ်းရယ်ကြောင့်
နွမ်းရတမင်၊

*　အညှာကျွတ်
မာလာတွတ် ဝေဟင်
မြေပြင်သို့ ကြွေလျော၊

*　မြင်စရာပါ
သင်္ခါရရုပ်နာမ်ကို
သရုပ်ဟန်အပြခွမ်းကြတယ်
ပန်းတို့သဘော။

ကျိုက္ကဘာစန္ဒ)

# မိုးမရွှန်းသူ




သုံးမိုးမှာ ပူလောင်လှ
လူလောင်က ပြာပုံ၊
ပိုးဖလံ အပူကြိုက်သို့
မိုက်တဲ့ လူနုံ။
သာသနာ့ ခွင့်ထူးကြုံ
ကြုံဆုံရှိသာပါပဲ၊
ညွှက်လွှာကာ မိုးမရွှန်းတော့
သံသရာပါ ခရီးမဆုံးအောင်
ဟုန်းဟုန်းလောင်စွ။

ဖျာပုံ–တင်နိုင်ဝင်း

# နှောင်တ

* လင်မဲ့ ပျိုစဉ်
များဖြင်မိန်းမ
ရှိကြပါလျက်
ပရဒါရေ
သူချစ်ဆွေကို
မှားလေပါက
နောင်ကာလ
နှောင်တပူပန်ရတတ်သည်။

ပညာရှိတစ်ဦး



# မိလိန္ဒပဉှာ



## ဘုရားရှင်သည် ကြမ်းတမ်းသောစကားကို မိန့်ကြားသလော

"အရှင်နာဂသေနဘုရား၊ ငါ့ရှင်တို့ ဘုရားရှင်သည် သန့်စင်ကောင်းမြတ်သော နှုတ်အလေ့အကျင့် ရှိတော်မူ၏။ အခြားသူတို့ မကြားမသိရအောင် ဖုံးဖိဆို့ပိတ်၍ထားအပ်သော မကောင်းသော နှုတ်အလေ့အကျင့်ဟူ၍ ရှိတော်မမူချေဟု တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ ဟောကြားခဲ့၏။ ထိုမှတဖန် ဘုရားရှင်သည် ကလန္ဒသူဌေးသား အရှင်သုဒိန်၏ မယားဟောင်းနှင့်ပေါင်းသင်းမိသော ပြစ်မှုကြောင့် ပဌမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူရာတွင် (မောဃပုရိသ) အချည်းနှီးသော ယောကျ်ားဟု ခေါ်ဝေါ်တော်မူ၏ ဟူ၍လည်း အရှင်ဘုရားတို့မိန့်ကြားတော်မူပြန်၏။ အရှင်သုဒိန်သည် ထိုအခေါ်အဝေါ်ကြောင့် နှလုံးမသာဖြစ်ကာ အရိယာမဂ်ကို မသိမမြင်နိုင်ကော့ပါ။

"ရှင်ဘုရား၊ ထိုစကားနှစ်ရပ်တို့တွင် အကယ်၍ရှေ့စကားသည် မှန်ခဲ့ငြားအံ့။ နောက်စကားသည်မှားပေရာ၏။ အကယ်၍ နောက်စကားသည် မှန်ခဲ့ငြားအံ့၊ ရှေ့စကားသည်မှားပေရာ၏။ အစွန်းနှစ်ဘက်ထွက်၍ နေသော ဤပြဿနာသည် အရှင်ဘုရားထံ

ကပ်ရောက်လာ၏။ ဤပြဿနာကို ဖြေရှင်းတော်မူပါလော့''

မင်းမြတ်၊ စကားနှစ်ရပ်လုံးပင် မှန်ကန်ပေ၏။ ကလန္ဒသူဌေးသားအရှင်သုဒိန်အား အချည်းနှီးသောယောကျ်ားဟူ၍ ခေါ်ဝေါ်တော်မူခဲ့သော်လည်း မပြစ်မှားသောစိတ်ဖြင့်သာ ခေါ်ဝေါ်တော်မူခဲ့၏။ အရှင်သုဒိန်သည် ဤဘဝတွင် မဂ်ဖိုလ်ရနိုင်သူမဟုတ်ချေ၊ သူ၏ ယောကျ်ားဘဝသည် အကျိုးမပြီး အချည်းနှီးသောကြောင့်ဖြစ်၏။ အကောင်းကိုပြုလိုပါလျက် အကောင်းဘက်မရောက်ဘဲ မကောင်းသည့်ဘက်သို့သာ ရောက်သွားရ၏။ ထို့ကြောင့် အရှင်သုဒိန်အား ဟုတ်တိုင်းမှန်ရာ ခေါ်ဝေါ်တော်မူလိုက်ခြင်းသာဖြစ်၏။ မဟုတ်မမှန်သောဝေါဟာရဖြင့် ခေါ်ဝေါ်တော်မူခြင်း မဟုတ်ပေ''

''အရှင်ဘုရား၊ တပည့်တော်သည် ဟုတ်တိုင်းမှန်ရာပြောဆိုသော်လည်း ဆဲဆိုသောသဘောဖြင့် ပြောဆိုသူကို ငွေတစ်ကျပ်ဒဏ်ရှိကြပါ၏''

''မင်းမြတ်၊ သင်မင်းမြတ်သည် ချွတ်ချော်မှားယွင်းစွာ ပြုမူပြောဆိုသောသူအား ရှိခိုးကြ၏။ ခရီးဦးကြိုဆိုကြ၏။ အရိုအသေပေးကြ၏။ လက်ဆောင်ပဏ္ဏာများပေးကြ၏ဟူ၍ ကြားဖူးပါသလော''

''အရှင်ဘုရား၊ မကြားဖူးပါ။ ချွတ်ချော်မှားယွင်းစွာပြောဆိုသူကို ငေါက်ငမ်းထိုက်၏။ မင်းချင်းတို့သည် သူ၏ ဦးခေါင်းကိုမူလည်း ဖြတ်ကြကုန်၏။ ရိုက်နှက်ခြင်းကိုမူလည်းပြုကြကုန်၏။ အနှောင်အဖွဲ့ကိုမူလည်းပေးကြကုန်၏။ အသက်ကိုလည်း သတ်ကြကုန်၏။ အရှင်လတ်လတ် မီးတင်ရှို့ခြင်းကိုလည်း ပြုကြကုန်၏''

''မင်းမြတ်၊ ထိုသို့ဖြစ်လျှင် ဘုရားရှင်သည် ပြုသင့်သည်ကိုသာ ပြုတော်မူ၍ မပြုသင့်သည်ကိုကား ပြုတော်မမူပေ''

''အရှင်ဘုရား၊ ပြုသင့်သည်ကိုသာ ပြုတော်မူငြားသော်လည်း အခါအခွင့်သင့်လျော်မှသာ ပြုသင့်ပါ၏။ နတ်နှင့်တကွသော လူတို့သည် ဘုရားရှင်ဘွဲ့မည်တော်ကို ကြားရကာမျှဖြင့်ပင် ထိတ်လန့်ကြကုန်၏။ ရှက်ကြောက်ကြကုန်၏။ ကိုယ်တော်တိုင်ဖူးမြင်ရသောအခါ

ထို့ထက်ပို၍ ထိတ်လန့်ကြကုန်၏။ အနီး အနားသို့ ချဉ်းကပ်ကြရသောအခါ ထို့ထက် ပို၍ လွန်လွန်မင်းမင်း ထိတ်လန့်ကြရပါကုန် ၏။ ရှက်ကြောက်ကြရပါကုန်၏။"

"မင်းမြတ်၊ ဥပမာအားဖြင့် စမြင်းဒေါ သ ထူပြောနေသောလူနာအား ဆေးသမား သည် ပျော့ညံ့သောဆေးကို တိုက်ကျွေးပါ မည်လော"

"အရှင်ဘုရား၊ မတိုက်ကျွေးပါ။ ရောဂါများ ကင်းစင်သွားစေရန် ထက်မြက်သော ဆေးကိုသာ တိုက်ကျွေးရာ၏။"

"မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင် သည်လည်း သတ္တဝါတို့၏ကိလေသာ အနာ ရောဂါများ ပျောက်ကင်းသွားစေရန် ခက်ထန် ကြမ်းတမ်းသော စကားတို့ဖြင့် အဆုံးအမ ပေးတော်မူရ၏။ ပူလောင်သောရေသည် အရာ ဝတ္ထုများကို ပျော့ပျောင်းအောင် နူးညံ့အောင် ပြုနိုင်သကဲ့သို့ ဘုရားရှင်၏ ခက်ထန်ကြမ်း တမ်းသောစကားသည် သတ္တဝါတို့အား ပျော့ ပျောင်းအောင် နူးညံ့အောင်ပြုလုပ်နိုင်သည် သာ ဖြစ်၏။ ဖခင်၏ စကားသည် သားသမီး တို့အကျိုးငှာသာဖြစ်၏။ ကရုဏာစေတသိက် နှင့် အတူတကွသာ ရှိနေသကဲ့သို့ ဘုရားရှင် ၏ စကားသည်လည်း သတ္တဝါတို့အကျိုးငှာ သာ ဖြစ်၏။ ကရုဏာစေတသိက်နှင့် အတူ တကွရှိနေ၏။ အနံ့မကောင်းသော နွားကျင် ငယ်ရေသည် သောက်သုံးသူအား ရောဂါ ပျောက်ကင်းသကဲ့သို့ အရသာ ခါးသက်သော ဆေးသည် သောက်သုံးသူအား အနာရောဂါ ပျောက်ကင်းစေသကဲ့သို့ ဘုရားရှင်၏ ခက် ထန်ကြမ်းတမ်းသောစကားတော်သည် သတ္တဝါတို့အား အကျိုးစီးပွားများစေရန်သာ ဖြစ်၏။ ထုထည်ကြီးမားလှသော ဝါဂွမ်းစိုင် သည် မည်သူတစ်စုံတစ်ယောက်ကိုမျှ မနာ ကျင်စေသကဲ့သို့ ဘုရားရှင်၏ ခက်ထန်ကြမ်း တမ်းသောစကားတော်သည်လည်း မည်သူ တစ်စုံတစ်ယောက်ကိုမျှ မဆင်းရဲစေပေ"

"အရှင်ဘုရား၊ ကောင်းလှပါပေ၏"

# အခြေပြုပဋ္ဌာန်းတရားတော်

အရှင်ဇနကာဘိဝံသ-ဂန္ဓာရုံဆရာတော်

၁။ အာရမ္မဏပစ္စယော (အာရမ္မဏပစ္စည်း)

အာရုံနှင့်စိတ်

ဒီတော့ကာ တရားတစ်ခုကို ဟေတုပစ္စည်းတင်ပြောနေလို့ မပြီးသေးဘူး။ ဒီဟေတုပစ္စည်း (ဟိတ်တွေ) က ဒီလိုဖြစ်နေပုံကို အရမ္မဏပစ္စည်းနဲ့ ဆက်ပြီးတော့ ပြောမှကောင်းတယ်။ အကျဉ်းကလေးပြောပေးအုံးမယ်နော်၊ အာရမ္မဏပစ္စည်းဆိုတဲ့ဟာက အာရုံအဖြစ်နဲ့ ကျေးဇူးပြုနေတာ၊ ခုနကစိတ်တွေလောဘတွေ၊ စိတ်တွေ အလောဘတွေ စိတ်တွေ မေတ္တာ(အဒေါသ)တွေ ဟေတုတွေဖြစ်နေတယ်လို့ ဆိုတာဟာ အာရုံမပါပဲနဲ့ မဖြစ်ပါဘူး။ အာရုံပါရပါတယ်။ ဒီတော့ ဒီဟေတုပစ္စည်းကို နားလည်ဖို့ရန်ဆိုရင် အာရမ္မဏပစ္စည်းကိုလည်း အနည်းငယ်ဆက်ပြီးတော့ ပြောရပါတယ်။

အာရမ္မဏပစ္စည်းကလည်း သူ့နည်းသူ့ဟာနဲ့ ကျေးဇူးပြုနေလိုက်တာ၊ သူမပါရင်ဖြစ်ကိုမဖြစ်ဘူး၊ အာရုံမရှိလို့ရှိရင် စိတ်ကိုမဖြစ်ဘူး၊ ရှေးက အဋ္ဌကထာဆရာတော်များနှင့် ရှေးပညာရှိကြီးတွေက စဉ်းစားပြီးတော့ ဒီအာရမ္မဏပစ္စည်းရဲ့ ကျေးဇူးပြုပုံကို ဘာနဲ့တူနေတုန်းလို့တွေးတော်မူကြ စဉ်းစားတော်မူကြ ဟောကြ ပြောကြတယ်။

**တောင်ဝှေး၊ ကြိုးတန်းပမာ အာရုံ ၆ ဖြာ**

ကဲ ဒီလိုဆိုကြစို့ရဲ့၊ လူကမစွမ်းမသန်ဖြစ်နေတယ်။ အသက်အရွယ်ကြီးရင့်အိုမင်းလို့ မစွမ်းမသန်ရင်လည်းဖြစ်နေတယ်။ ရောဂါဘယကြောင့် မစွမ်းမသန်ရင်လည်း ဖြစ်နေတယ်။ အဲဒီလူဟာ တောင်ဝှေးကလေးကိုင်လို့၊ ကြိုးတန်းကလေးကိုင်လို့၊ အဲသလိုသူထနိုင်တယ်။ ထိုင်နိုင်တယ်။ သွားနိုင်တယ်။ မစွမ်းမသန်တဲ့သူဟာ တောင်ဝှေးကြိုးတန်းကို အားပြုနေရသလို (ဒီရှေးဆရာ

တော်မြတ်တွေကလည်းလေ သေချာလိုက်တာ) တောင်ဝှေးဆိုတာက တစ်ခုဘဲ၊ ကြိုးကြတော့ ကြိုးမျှင်တွေ အများကြီးစုပေါင်းထားတယ်။ တောင်ဝှေးက ဘာနဲ့တူတုန်းဆိုတော့ကို နာမ်တရားအာရုံတွေနဲ့တူတယ်။ စိတ်တို့ စေတသိက်တို့ သူတို့က တစ်ခုချင်းတစ်ခုချင်း ဖြစ်ကြတယ်။ ကြိုးက ဘာနဲ့တူတုန်းဆိုတော့ ရုပ်တရားတွေ၊ ရုပ်တရားတွေဆိုတာ စုပြီးတော့ ဖြစ်နေကြတယ်။

အဲဒီတော့ စိတ်ရဲ့အာရုံတွေ စေတသိက်အာရုံတွေက တောင်ဝှေးနဲ့တူတယ်။ ရုပ်အာရုံတွေက ကြိုးတန်းနဲ့တူတယ်။ ကြိုးမျှင်တွေပေါင်းစပ်တဲ့ ကြိုးတန်းနဲ့တူတယ်။ အဲခုနက မစွမ်းမသန်ဖြစ်နေတဲ့ အဖိုးကြီးသို့မဟုတ် လူမမာဟာ တောင်ဝှေးရင်လည်း ပါရပါ့မယ်။ ကြိုးတန်းရင်လည်း ကိုင်ရပါမယ်။ တောင်ဝှေးကြိုးတန်းမပါပဲနဲ့ မထနိုင် မထနိုင် မသွားနိုင်သလိုပဲ၊ စိတ်စေတသိက်ဆိုတဲ့ တရားတွေဟာလည်းပဲ (ခုနက ဟိတ်ခြောက်ပါးနှင့်တကွ စိတ်စေတသိက်ဆိုတဲ့တရားတွေဟာလည်းပဲ) အာရုံမပါဘဲနဲ့ ဘယ်တော့မဖြစ်နိုင်ပါဘူး။ ဘယ်အခါမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ အာရုံ ၆ ပါးဟာ ဘာနဲ့တူတုန်းဆိုတော့ တောင်ဝှေးကြိုးတန်းနဲ့တူတယ်လို့ ရှေ့ဆရာမြတ်များက ဥပမာနှင့်တကွ အမိန့်တော်ရှိပြန်တယ်။

အာရမ္မဏပစ္စယော- တောင်ဝှေးကြိုးတန်း သူမစွမ်းကို မပန်းရလေ ထိုင်ထစေဘို့ စိတ်စေလေးတန် နာမက္ခန်ကို ဖြစ်ဟန်တူစွာ ရှစ်သဘာတွင် ဆွဲထောက်ရာအာရုံ၏ အဖြစ်တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာရုံ ၆ ပါး ပစ္စည်းတရားသည်။ အတ္ထိ- ပုဂ္ဂိုလ်သတ္တဝါ သူငါမနော တရားသဘောသာ ထင်ရှားရှိပါပေသည်တကား။

အာရုံ ၆-ပါးပဲ ရှိတယ်။ စိတ်ဖြစ်အောင် ဘယ်သူကမှလည်း မလုပ်နိုင်ဘူး။ ဘယ်သဗ္ဗညုမြတ်စွာဘုရားကိုယ်တိုင်မှလည်း ဖန်ဆင်းမပေးနိုင်ဘူး။ သူ့သဘောအတိုင်းဖြစ်နေတာ၊ အာရုံရှိရင်စိတ်ဖြစ်မယ်၊ ဒါ ဗုဒ္ဓမြတ်စွာ ဖန်ဆင်းမပေးနိုင်ဘူး။ ဒီပြင် ဒီပြင် ပုဂ္ဂိုလ်တွေ ဆိုတာကတော့ မပြောနဲ့တော့ ဖန်ဆင်းမပေးနိုင်ဘူး၊ အဲဒီအာရုံရှိလို့ စိတ်ဖြစ်နေတဲ့နေရာမှာ အာရုံ၊ စိတ်၊ စေတသိက်ဒါပဲရှိ

တယ်။ ဒီထဲ သတ္တဝါဆိုတာ မရှိဘူး၊ အာရုံ စိတ် စေတသိက် ဒါပဲရှိတယ်။ သတ္တဝါမရှိ ဘူး။ သူလို့ဆိုတာ ရှာမရဘူး။ ပုဂ္ဂိုလ်လို့ ဆိုတာ ရှာမရဘူး။ စိတ် စေတသိက် အာရုံ ဒါပဲရှိတယ်။

ဒီနားမှာ ထင်လာတာပြောရအုံးမယ်။ စက္ခုပသာဒ, ရူပါရုံ၊ ကံက ပြုစီမံလိုက်တဲ့ စက္ခုပသာဒ၊ မျက်စိထဲမှာရှိတဲ့ပသာဒရုပ်၊ အဲဒီစက္ခုပသာဒလည်းရှိမယ်။ ခုနက ရူပါရုံ လည်း ရှေ့နားမှာရှိမယ်၊ ဒီအာရုံကိုလည်း နှဲနဲ့ သတိထားလိုက်မယ်ဆိုရင် စက္ခုဝိညာဏ်စိတ် ဖြစ်တာပဲ။ ဘယ်သူမှ လာပြီးတော့ ဖန်ဆင်း လို့ မရဘူး။ စက္ခုပသာဒလည်း ဖြစ်တယ်။ ရူပါရုံကလည်း ရှိနေတယ်။ သူ့ကိုလည်း နှလုံး သွင်းတယ်။ ဘေးကအရောင်အလင်းလဲ ရှိ တယ်။ ဒီလိုဆိုရင် စက္ခုဝိညာဏ်မဖြစ်ဖို့ရာ ဘယ်သူမှ မတားဆီးနိုင်ဘူး။ ဖြစ်ကိုဖြစ်မှာ ပုဂ္ဂိုလ်မပါဘူး သတ္တဝါမရှိဘူး အတ္တမရှိဘူး အကောင်အထည်မရှိဘူး၊ ဘယ်သူဖန်ဆင်း လို့မှလည်း မရဘူး။ စက္ခုပသာဒ, ရူပါရုံ, အရောင်အလင်း၊ နှလုံးသွင်းမှုမရှိရင် စက္ခု ဝိညာဏ်ဖြစ်ဘို့ရန် (ဒိပြင် ဒိပြင်ဘုရားကို တော့ မပြောလိုဘူး) ဘုန်းကြီးတို့ဘုရားကိုက မဖန်ဆင်းနိုင်ဘူး။

အင်မတန်သေချာတာက တရားတော်က အင်မတန်သေချာတာပဲ။ စက္ခုဝိညာဏ်ဖြစ် အောင် ဘုန်းကြီးတို့ဘုရားကိုက မဖန်ဆင်း နိုင်ဘူး။ ခုနကအကြောင်းတွေစုံလာလို့ရှိရင် ဘယ်သူမှ မဖန်ဆင်းနဲ့၊ ဖြစ်ကိုဖြစ်တယ်။ ဘယ်သူတားလို့မှ မရဘူး။ ဘယ်မလဲ···· ပုဂ္ဂိုလ်၊ ဘယ်မလဲ····အတ္တ၊ ဘယ်မလဲ··· အကောင်အထည်၊ ဘယ်မလဲ···ငါ၊ ဘယ်မလဲ····သူ၊ အင်မတန်ကောင်းလွန်းလို့ "ပုဂ္ဂိုလ် သတ္တဝါ သူငါမနှော တရားသ ဘောသာ ထင်ရှားရှိပါသည်တကား။ ဣတိ၊ ဤသို့၊ ဗောဓေဉ္စ၊ သဗ္ဗညုတာ ဉာဏ်တော် သာဖြင့် ဦးစွာကျွန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်း ထောမနာ ပဏာရိုကျိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ ဘုရား"

သာဓု···သာဓု···သာဓု။

**ရှင်ဇနကာဘိဝံသ**
နှောက်လဆက်ရန်

# ကျွန်တော်တွေကြုံဘူးသော သူတို့အကြောင်း

(ပြည့်သခင်)

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်။ အမြင့်ပေ ၆၁၂၀ ချင်းတောင်နယ် စစ်တလင်း။ နံနက်ခင်း ဝေလီဝေလင်းအချိန်..။

ဆောင်းဘုရင်သည် သူ၏ လေတပ်မတော်ကြီးကို ဆီးနှင်းလက်နက်များ ကိုယ်စီကိုင်ဆွဲစေလျက် ကျွန်တော့်ကို အရပ်လေးမျက်နှာမှ ဝန်းရံတိုက်ခိုက်စေလေ၏။ တစ်ချိန်တည်းမှာပင် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ နိုင်လှသော အခါမဲ့မိုးသည် ရန်သူ့ဘက်မှနေ၍ စစ်ကူဝင်ပေးလိုက်သေးသည်ဖြစ်ရာ ကျွန်တော့်မှာ သွားချင်းရိုက်အောင်ပင် ခိုက်ခိုက်တုန်နေလေတော့၏။ ကျွန်တော့်အဖို့ သည်အချိန်တွင် တစ်စုံတစ်ယောက်သောသူ၏ ဆောင်ယူကယ်မခြင်းကိုသာ မခံရလျှင် သည်တောင်ကိုမှမဟုတ် မည်သည့်တောင်ကိုမှ ကျော်နိုင်စွမ်းရှိလိမ့်မည်မဟုတ်တော့။ ရောက်နေသည့် တောင်ပတ်ခြာလည်အကြား၌သာလျှင် ဖြစ်လာသမျှကို မပြေလည်မချင်း လည်စင်း၍ ဖြေရှင်းရမည်ဖြစ်ပါ၏။ ထို့ကြောင့် ကယ်မည့်သူ ကူမည့်သူကိုသာ မျှော်မှန်းတမ်းတ၍ စောင့်နေရလေတော့၏။

တွေ့ပါလေပြီ။ ဒေသခံတိုင်းရင်းသားကြီးတစ်ဦး။ သူသည် ကျွန်တော့်အတွက် တန်ဘိုးမဖြတ်နိုင်သော စစ်ကူ၊ ရောင်နီသမ်းလာသော မျှော်လင့်ချက် အရုဏ်ဦး။ သို့ဖြစ်၍ သူကိုယ့်ရှေ့ရောက်လာသည်အထိပင် စောင့်မနေအား။ ဆွေရင်းမျိုးရင်းကို တွေ့မြင်ရသည့် အလားဝမ်းသာအားရ ပြေးသွားဆီးကြိုရင်း အကူအညီ တောင်းပစ်လိုက်မိလေ၏။

"ဆရာကြီး လုပ်ဦးဗျာ၊ ကျွန်တော့်ကိုကူညီပါအုံး။ ဒီမှာ ကျွန်တော်တစ်ယောက်တည်း ဒုက္ခအကြီးအကျယ်ရောက်နေလို့၊ ချမ်းကလည်းချမ်းလိုက်တာဗျာ"

ကျွန်တော့် အသံသည် အချမ်းလွန်ထားသဖြင့် ပီသသဲကွဲခြင်းမရှိတော့ပေ။ မေးခိုင်နေသကဲ့သို့ စကားတစ်ခွန်းပြောနိုင်ရန်အတွက် ကြိုးစားပန်းစားပါးစပ်ဟနေရလေ၏။ ဒေသခံတိုင်းရင်းသားကြီးသည် ကျွန်တော့်ပုံစံကိုကြည့်၍ နားမလည်နိုင်စွာဖြင့်ငေး၏။ ကျွန်တော်က ကိုယ့်အခက်အခဲကို

ကူညီဖြေရှင်းပေနိုင်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ပြန်မျှော်မိ၏။ ထိုအချိန်မှာပင် သူ့ဘက်ကစကားပြန်ကို ရလေတော့၏။ သို့သော် ကျွန်တော်နားမလည်သောဘာသာစကား။ သူဘာပြောမှန်းကို ကျွန်တော်မသိ။ ထို့အတူ ကျွန်တော်ဘာပြောမှန်းကိုလည်း သူသိမည်မဟုတ်။ တိုင်းရင်းသားကြီးသည် ကျွန်တော့်ကိုထားရစ်ခဲ့၍ သူ့ခရီးကို သူဆက်၏။ ကျွန်တော် အရှုပ်ကြိုးပြတ်လျက် ကျန်ရစ်ခဲ့လေ၏။

ထို့နောက် ထင်းများကို ပလိုင်းကြီး ထဲထည့်၍ ကျောပိုးလာသော အမျိုးသမီးကြီး တစ်ဦး ပေါ်လာပြန်၏။ ကျွန်တော်လည်း အကူအညီ ရလိုရငြား သွားရပြန်လေ၏။ သို့သော် ထူးမခြားနား။ ဘာသာစကားအခက်အခဲကြောင့်ပင် နောက်ဆုတ်ခဲ့ရပြန်လေ၏။ ကျွန်တော်စိတ်ပျက်လက်ပျက်ဖြင့် မြေပြင်ပေါ်ထိုင်ချလိုက်၏။ မိုးသည် တစ်ဖြေးဖြေးဖြင့် ပို၍သည်းလာ၏။ နာရီဝက်ခန့်ကြာသောအခါ အအေးဒဏ်ကြောင့် ခေါင်းကိုက်သလိုလိုဖြစ်လာသဖြင့် ခန္ဓာကိုယ်ကို နွေးအောင်တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု ကြံမိလေ၏။ ထိုအခိုက်တွင် အနီရောင်မိုးကာအင်္ကျီ အရှည်ကြီးကို တစ်ကိုယ်လုံးခြုံ၍ အထုပ်တစ်ထုပ်ကိုထမ်းကာ ငိုက်စိုက်ငိုက်စိုက်ဖြင့် တစ်လှမ်းခြင်းလျှောက်လာသော လူတစ်ယောက်ကို မြင်လိုက်ရလေ၏။ ကျွန်တော် အကူအညီတောင်းကြည့်ဖို့ စဉ်းစားလိုက်သေး၏။ သို့သော် ထူးလာမည်မထင်၍ ကိုယ့်အလုပ်ကိုယ်လုပ်ရန် ဟန်ပြင်လိုက်လေ၏။ သိပ်မကြာခင်အချိန်တွင် မိုးကာဝတ်ပုဂ္ဂိုလ်သည် ကျွန်တော့်ဘေးမှ ဖြတ်လျှောက်သွားလေ၏။ ကျွန်တော်လည်း မထူးမှာကိုသိနေသည့်အတူ အချိန်ကုန်ခံ၍ မျက်နှာချို သွားမသွေးဖြစ်တော့ပေ။ သို့သော် သူသည်တစ်စုံတစ်ခုကို တီးတိုးရွတ်ဆို၍ သွားနေခြင်းဖြစ်သည်ကိုတော့ သတိပြုလိုက်မိလေ၏။ ကျွန်တော် နားမလည်သည့်ဘာသာစကားဖြင့် ရွတ်ဆိုနေခြင်းဖြစ်၏။ ကျွန်တော့်အတွက် ယခုအချိန်သည်ကား နားမလည်သည့်ဘာသာစကားဆိုလျှင် အကြီးအကျယ်စိတ်ပျက်နေသည့်အချိန်။ သို့သော် သူရွတ်ဆိုနေသည့်ဘာသာစကားများကို နားမလည်သော်လည်း တရင်းတနှီးကြားဖူးသလိုလို ဖြစ်နေခြင်းက ထူးခြား၏။ ထို့ကြောင့် အာရုံစူးစိုက်ပြီး နားထောင်ကြည့်လိုက်၏။ လုံးဝနားမလည်။ သို့သော် ကြားဖူး

၏။ ရင်းရင်းနှီးနှီးကို ကြားဖူးခြင်း ဖြစ်လေ၏။

မိုးသံလေသံများအကြားတွင် ထိုဘာသာစကားကို အသေအချာ အာရုံစိုက်နားထောင်ကြည့်မိလိုက်သောအခါ ကျွန်တော်ထခုန်၍ ကျွမ်းသုံးပတ်လောက် ထိုးပစ်လိုက်ချင်သည့်အထိပင် ဝမ်းသာအားရဖြစ်သွားရလေတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုသူရွတ်ဆို၍ သွားနေသည်မှာ ပါဠိဘာသာစကားများဖြစ်သောကြောင့်တည်း။ ပါဠိဘာသာကို ကျွန်တော်နားလည်၍မဟုတ်။ သို့ရာတွင် ပါဠိသံကို ရင်းနှီးကျွမ်းဝင်မှုရှိ၏။ ပါဠိကို ပါဠိဟုသိ၏။

ထို့ကြောင့် ပါဠိရွတ်ရင်းသွားနေသူသည် ဧကန်မုချ ဗုဒ္ဓဘာသာဖြစ်၍ ဗမာစကားတတ်ရမည်ဟု ယူဆကာ ထိုသူ၏နောက်သို့ ပြေးလိုက်ကာ အော်ခေါ်လိုက်လေ၏။

"အကို..အကို.. ခဏလောက်ပါ"

ကျွန်တော့်ခေါ်သံကိုကြားသောအခါ ထိုမိုးကာဝတ်ပုဂ္ဂိုလ်သည် နောက်ပြန်လှည့်ကြည့်၍....

"ဘာကိစ္စရှိလို့လဲ ငါ့ညီ..."

ဟု တရင်းတနှီး ပြန်ဖြေလေ၏။

ကျွန်တော်က သူ့ကို အစွမ်းကုန်ပြုံးပြလိုက်ရင်း ....

"ဒီလိုပါ..အကို၊ ကျွန်တော်က ဒီဇာတိကမဟုတ်ပါဘူး။ ခရီးသွားရင်းနဲ့ ဒီမှာ အခက်အခဲဖြစ်နေလို့ အကူအညီတောင်းချင်လို့ပါ" ဟု ပြောလိုက်၏။

သူကလည်းကျွန်တော့်ကို ပြန်လည်ပြုံးပြလျက်....

"ရပါတယ်...ငါ့ညီ"

"ဘာကူညီပေးရမလဲပြောပါ"

ဟု ဖော်ဖော်ရွေရွေ လိုလိုလားလားပင် ဖိတ်ခေါ်လေ၏။

ထို့ကြောင့် ကျွန်တော်ပြောမပြတတ်လောက်အောင်ပင် ဝမ်းသာသွားပြီး 'တောင်ကြီး တောင်ကြားထဲတွင် ဆိုင်ကယ်ချိန်းကြိုးပြတ်၍ ရှေ့သွားမရ နောက်ဆုတ်မရ ဖြစ်နေရသည့်အကြောင်းနှင့် နားစရာ ခိုစရာမရှိ၍ ဒုက္ခရောက်နေသည့်အကြောင်းကို' ရှင်းပြလိုက်လေ၏။ ထိုအခါ သူက-

"ဆိုင်ကယ် ဘယ်နားမှာလဲ.."

ဟု မေး၍ ကျွန်တော်က-

"ဟိုဘက်က တောင်ကွေးလေးရဲ့

အကွယ်မှာ'' ဟု ဆိုင်ကယ်ထားခဲ့သည့်နေရာကို ညွှန်ပြရင်းဖြေရ၏။

ထို့နောက် ကျွန်တော်တို့နှစ်ယောက် ဆိုင်ကယ်ရှိရာသို့ အတူလျှောက်၍ သွားကြလေ၏။ ဆိုင်ကယ်နားသို့ရောက်လျှင် သူက ကျွန်တော့်ဆီမှ သော့ကိုတောင်းယူ၍ Tool-box ကိုဖွင့်ကြည့်ကာ-

''ချိန်းပြတ်တာကို တစ်ခါမှတော့ ငါ မဆက်ဖူးဘူးကွ၊ ဒါပေမဲ့ အသေအချာတော့ ကြည့်ထားဖူးပါတယ်။ မင်းဆီမှာ လိုအပ်တဲ့ ပစ္စည်းတွေ အကုန်အစုံပါတယ်မဟုတ်လား'' ဟု မေးလာသဖြင့် ကျွန်တော်က သူများ ဆိုင်ကယ်ကိုခဏငှားစီးလာတာဖြစ်ကြောင်းနှင့် လိုအပ်သည့် တန်ဆာပလာများလည်း ပါမပါ မသိကြောင်း ပြန်ပြောရလေ၏။

ထိုအချိန်တွင် မိုးသည် အငြိုးကြီးစွာ လဲကြီးမဲကြီး သွန်းဖြိုးလာပြန်လေ၏။ ကျွန်တော်လည်း ခိုက်ခိုက်တုန်လုပြီဖြစ်၏။ ထို့ကြောင့် မိုးကာဝတ်အကိုက ကျွန်တော့်ကို ကရုဏာသက်စွာကြည့်ရင်း-

''ငါ့ညီ ..မင်းလည်းအတော်ချမ်းနေပြီ၊ မင်းဆိုင်ကယ် Tool-box ထဲမှာလည်း ချိန်းဆက်စရာ ဘာမှမပါဘူး။ ဒီတော့ မင်း ငါပြောတာနားထောင်။ ဒီအတိုင်းဆက်နေရင် ဒုက္ခရောက်လိမ့်မယ်။ ဒီမှာက ခုလို တနင်္ဂနွေနေ့ဆို လူသွားလူလာသိပ်ရှိတတ်တာ မဟုတ်ဘူး။ ဒီနေရာကနေ မင်းလာခဲ့တဲ့ဘက်ကို ပြန်ပြီးလမ်းလျှောက်ရင် မြို့ကိုပြန်ရောက်ဖို့ (၇)မိုင်လောက် ဝေးမယ်။ ငါနဲ့ဆက်လိုက်ခဲ့ရင် ရွာကို (၂)မိုင်ကျော်ကျော်လောက်လျှောက်ရင် ရောက်မယ်။ ရွာကိုသာလိုက်ခဲ့။ ဟိုရောက်မှ လိုအပ်တာတွေငှားပြီး ဆိုင်ကယ်ပြန်လာယူတာပေါ့။ လာကွာ သွားရအောင်'' ဟု ပြောလေ၏။

ကျွန်တော်လည်း အဖျားတက်လုတော့မတတ် ချမ်းနေသည့်အပြင် ကိုယ်တိုင်မကြံတတ် မဖန်တတ်ရှိသည်မို့ သူပြောသည့်အတိုင်းသာ လိုက်နာရန် ဆုံးဖြတ်လိုက်လေတော့၏။

ထို့နောက် သူဦးဆောင်ရာသို့ နှစ်ဦးသားအတူတူ မိုးထဲရေထဲတွင် လမ်းလျှောက်ကြရင်း(၁)မိုင်ခန့်အကွာအဝေးသို့ရောက်သောအခါ သွပ်မိုးသွပ်ကာ မြေစိုက်တဲလေးတစ်ခုကို တွေ့ရသဖြင့် ဝင်၍ မိုးခိုကြလေ၏။ တဲအတွင်းသို့ ရောက်ရှိပြီး ခဏအကြာတွင် မိုးကာဝတ်အကိုက-

"ငါ..မြို့ပေါ်ကနေဝယ်လာတာ မီးခြစ်ပါတယ်ကွ။ မီးဖိုရင် ဖိုလိုက်ပါလား။ အမှိုက်ခြောက်တွေရှိတာပဲ" ဟု ဆိုကာ မေ့စေ့ကို ဖုံးနေသည်အထိ တင်ထားသော မိုးကာအရှည်ကြီး၏ ဇစ်ကို 'ဇွိ'ကနဲ မြည်အောင် ဆွဲချလိုက်လေ၏။ ထိုအခါ ကျွန်တော် မျက်စိထဲ ထူးထူးဆန်းဆန်းကြီးဖြစ်သွားရသဖြင့် 'ဟာ'ဟုပင် အာမေဍိတ်သံဖြင့် ရေရွတ်လိုက်မိလေ၏။ မိုးကာနီအောက်တွင် ကျွန်တော်မြင်လိုက်ရသည်က တစ်လမ်းလုံး ထင်လာမိသကဲ့သို့ လူတစ်ယောက်မဟုတ်ဘဲ သင်္ကန်းအညိုရောင်ကို သပ်ရပ်စွာဝတ်ရုံထားသော ဦးပဉ္ဇင်းလေးတစ်ပါး ဖြစ်နေသောကြောင့်ပင်။

ကျွန်တော်သည် ထိုမြင်ကွင်းကြောင့် လွန်စွာ အံ့အားသင့်သွားပြီး-

"ဟင်...အကိုက ဦးဇင်းလား" ဟု ရုတ်တရက်မေးလိုက်မိရာ သူက အသံထွက်ရုံမျှ ရယ်လိုက်ရင်း-

"မင်းက ဘယ်လိုထင်လို့လဲကွ" ဟု ပြုံးရွှင်စွာ ပြောလျက် မိုးကာအင်္ကျီခေါင်းစွပ်ကို နောက်သို့ဆွဲချလိုက်လေ၏။ ထိုအခါကျမှ စိမ်းဖန့်ဖန့်ဦးပြည်းက ပေါ်လာကာ ဝတ်ရုံထားသောနီညိုရောင်သင်္ကန်းနှင့် လိုက်ဖက်ညီသွားပြီး ကြည်ညိုဖွယ်ကောင်းသည့် ဦးပဉ္ဇင်းတစ်ပါး၏အသွင်အပြင်က ထင်ရှားလာလေတော့၏။

ထို့ကြောင့် ကျွန်တော် ဦးပဉ္ဇင်းကို အတော်အားနာသွားမိပြီး-

"ဆောရီးပါ အကို၊ အဲ..အဲ.ကန်တော့ပါဦးဇင်းဘုရား။ တပည့်တော်က ဦးပဉ္ဇင်းမှန်းမသိလို့ပါ။ တစ်လမ်းလုံးဦးပဉ္ဇင်းကို တပည့်တော်လိုပဲ လူဝတ်ကြောင် အကိုတစ်ယောက်လို့ ထင်ပြီး၊ ဦးပဉ္ဇင်းထမ်းလာတဲ့အထုပ်ကိုတောင် ကူထမ်းဖို့ မလျှောက်ခဲ့မိဘူး။ တပည့်တော်အရမ်းချမ်းနေတာကြောင့် လည်း ပါပါတယ်။ ခွင့်လွှတ်ပါဘုရား" ဟု ပြာပြာသလဲ တောင်းပန်ရလေတော့၏။

"ရပါတယ်ကွာ ငါနားလည်ပါတယ် အခြေအနေအရ လိုအပ်ခဲ့ရင် မင်းဆိုင်ကယ်ကို တွန်းတာတွေ မတာတွေလုပ်ရအုံးမယ် မဟုတ်လား။ အဲဒါကြောင့် မင်းအားနာနေရမှာစိုးလို့ ငါတမင်မပြောခဲ့တာပါ" ဟု ရှင်းပြလေ၏။

(ပြည့်သခင်)

**နောက်လဆက်လက်ဖတ်ရှုရန်**

# သာသနာပြုသူတို့၏ ဘဝမှတ်တမ်းများ (၈)

သန်းရွှေပိုင်(တမူး)

နိုင်ငံတော်မှ မဟာဘွဲ့နှင်းသဘင်ပွဲ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ စူဠဘွဲ့နှင်းသဘင်ပွဲတို့သည် ထူးခြားဆန်းပြားတင်ပြစရာမရှိသော်လည်း ထားဝယ်ဒေသ (ထားဝယ်ခရိုင်) လေးမြို့နယ်၌ ကျင်းပသည့်ပွဲသည် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ဦးဆောင်မှုလှူမှုရေးအသင်းအဖွဲ့များဖြင့် ဆရာ/ဒကာညီညွတ်စွာ ကျင်းပသော ထူးခြားသည့်ပွဲတစ်ပွဲဖြစ်ပါသည်။

ဒီနေ့သည် သာသနာတော်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့ထူးနေ့မြတ် တစ်နေ့ဖြစ်ခဲ့သည်။ ယင်းနေ့ (၂၁.၃.၂၀၁၇)ရက်နေ့တွင် သည်ထားဝယ်ဒေသလေးမြို့နယ်ဖြစ်သည့် ထားဝယ်၊ သရက်ချောင်း၊ လောင်းလုံ၊ ရေဖြူ တို့သည် ထားဝယ်ခရိုင် လေးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲများ၌ ၂၀၁၆ ခုနှစ် (၁၃၇၇ခုနှစ်) အောင်မြင်တော်မူခဲ့ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဂုဏ်ပြုချီးမြှင့်သည့် ချီးကျူးဂုဏ်ပြုပူဇော်သော ပွဲတစ်ပွဲဖြစ်ခဲ့ပါသည်။

စာအောင်ဆုနှင်းသဘင်ပွဲကို ထားဝယ်ဒေသ၌ မကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့် ရှိခဲ့ပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်မှစ၍ ယခုနှစ်အထိ သုံးနှစ်မြောက်အဖြစ် ၂၀၁၆ခုနှစ် အောင်မြင်ခဲ့သော ဂိုဏ်းဂဏမခွဲခြား ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ကျင်းပသည့် စာအောင်ဆုနှင်းသဘင်ပွဲဖြစ်ပါသည်။ ထားဝယ်ဒေသ (ထားဝယ်ခရိုင်) လေးမြို့နယ်ဆရာတော်တို့နှင့် ဘုံဆွမ်းလောင်းအသင်းတို့သည် ထားဝယ်မြို့၊ သာသနာ့ဗိမာန်တော်ကြီး၌ (၂၁.၃.၂၀၁၇)ရက်နေ့ နံနက် ၉ နာရီအချိန်တွင် အခန်းအနားကို အစီအစဉ်အတိုင်းကျင်းပရာ နံနက် ၁၀ နာရီအချိန်တွင် ကျင်းပ

ပြီးစီးခြင်း၊ ဆရာတော်များနှင့် ဆုရသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းအဆင့် ဌာနဆိုင်ရာဧည့်သည်တော်များအား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပါသည်။

စာအောင်ဆုနှင်းသဘင် အခမ်းအနား၌ ဓမ္မာစရိယကျမ်းပြီး သံဃာတော်တစ်ပါးအား ထားဝယ်ဒေသလေးမြို့နယ် ဆရာတော်များမှ တစ်ပါးလျှင် သုံးသိန်း၊ ဆွမ်းကွမ်းအဖွဲ့မှ ၂ သိန်း၊ ဓမ္မာစရိယ နှစ်ကျမ်းအောင် တစ်ကျမ်းအောင်သံဃာတော်များကိုလည်း ဆုချီးမြှင့်ပါသည်။ ပထမကြီးတန်းအောင် တစ်ပါးလျှင် ထားဝယ်ဒေသလေးမြို့နယ် ဆရာတော်များမှ သုံးသိန်း၊ ဆွမ်းကွမ်း အဖွဲ့မှ ၂ သိန်း စုစုပေါင်းလေးသိန်း၊ ပထမလတ်တန်းအောင်တစ်ပါးလျှင် ထားဝယ်ဒေသလေးမြို့နယ်ဒေသဆရာတော်များမှ တစ်ပါးလျှင် နှစ်သိန်းခွဲ၊ ဆွမ်းကွမ်းအဖွဲ့မှ ၁ သိန်း စုစုပေါင်း သုံးသိန်းခွဲ၊ ပထမငယ်တန်းအောင် တစ်ပါးလျှင် ထားဝယ်ဒေသလေးမြို့နယ် ဆရာတော်များမှ တစ်ပါးလျှင် နှစ်သိန်း၊ ဆွမ်းကွမ်းအဖွဲ့မှ တစ်သိန်း စုစုပေါင်း သုံးသိန်း ၂၀၁၆ ခုနှစ် စာအောင်သံဃာတော်များအား ထိုက်ထိုက်တန်တန် ချီးမြှင့်တော်မူသည်မှာ ပရိယတ္တိသာသနာတော်ကြီးအတွက် တစ်ဖက်တစ်လမ်းမှ တိုးတက်ကြီးပွားအောင် ကူညီထောက်ပံ့လိုက်ခြင်းဖြစ်သည်။

ယင်းသို့ ပရိယတ္တိသာသနာတော်အတွက် အားဆေးတစ်ခွက်ဖြစ်သည့် စာအောင်ဆုနှင်းသဘင်ပွဲဖြစ်မြောက်ရေးအတွက် ဦးဆောင်စီမံ၍ ဆောင်ရွက်သော ဆရာတော်များမှာ ထားဝယ်မြို့၊ သရက်ပင်ကျောင်းဆရာတော်နှင့် ယိုးဒယားကျောင်းဆရာတော်တို့ဖြစ်သည်။

ယင်းဆရာတော်တို့ ဦးဆောင်သော ဆယ်ပါးခန့်ရှိ ကျောင်းထိုင်ဆရာတော်တို့သည် "စိတ်ရှည် ဖွဲသန်၊ သည်းညည်းခံ ပြုရန်သာသနာ" ဟူသော ဆောင်ပုဒ်ကဲ့သို့ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ပင်ရှိခဲ့ပြီ ဖြစ်၏။ ရှင်သာမဏေစာသင်သားတို့အတွက်ဆိုသော်လည်း ပရိယတ္တိစာပေသင်ကြားပေးသူ၊ တနည်းအားဖြင့် ပိဋကတ်စာပေမပျောက်ပျက်ရအောင် ထိန်းသိမ်းခြင်း

တစ်မျိုးလည်းဖြစ်ပါသည်။

ထားဝယ်မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သရက်ပင်ကျောင်း ဆရာတော်နှင့် အဖွဲ့ဝင် ယိုးဒယားကျောင်း ဆရာတော်ဦးဆောင်သော ဆရာတော်တို့ သည် ရက်ကွက်အတွင်းရှိ လူနေအိမ်များ ဘက်သို့ ခြေဦးမလှည့် မြို့ပေါ်ရှိဘုန်းတော် ကြီးကျောင်းများသို့ တစ်ကျောင်းဝင် တစ် ကျောင်းထွက်ဖြင့် လှည့်လည်အလှူခံကြရာ ထားဝယ်မြို့နယ် ကျောင်းပေါင်း၁၃၄ကျောင်း မှ ဆရာတော်တို့သည် အနည်းဆုံး ကျပ်နှစ် သောင်းမှ တစ်သိန်းအထိလှူဒါန်းကြပြီး အလှူခံရရှိငွေ စုစုပေါင်းမှာ ၄၃၃၀၀၀၀/- ကျပ်လေးဆယ့်သုံးသိန်းသုံးသောင်းသည် ထားဝယ်မြို့နယ်မှ ဆရာတော်များ၏ လှူဒါန်းငွေများဖြစ်သည်။

ယင်းဆရာတော်ဦးဆောင်သော အလှူခံအဖွဲ့သည် သရက်ချောင်းမြို့နယ်ရှိ ကျောင်းထိုင်ဆရာတော်များထံသို့ သွားရောက် အလှူခံခဲ့ကြရာ ကျောင်းပေါင်း ၈၂ ကျောင်း တို့မှ နှစ်ဆယ့်ငါးသိန်းခြောက်သောင်းကျပ် ဖြစ်သည်။ ယင်းဆရာတော် အဖွဲ့သည် လောင်လုံမြို့နယ်သို့ သွားရောက်အလှူခံခဲ့ ကြရာ ကျောင်းတိုက် ၁၀၀ မှ အနည်းဆုံး နှစ်သောင်းကျပ်၊ အများဆုံးရှစ်သောင်း လေးထောင်ကျပ်အထိ လှူဒါန်းကြပြီး စုစု ပေါင်းငွေမှာ သုံးဆယ့်နှစ်သိန်း တစ်သောင်း ကိုးထောင်ကျပ်ဖြစ်သည်။ ရေဖြူမြို့နယ်သို့ ဆက်လက်အလှူခံကြရာ ကျောင်းပေါင်း ၃၈ ကျောင်းမှ အနည်းဆုံးကျပ်နှစ်သောင်းမှ အများဆုံးကျပ်ငါးသောင်းထိ လှူဒါန်းကြရာ စုစုပေါင်းမှာ တစ်ဆယ့်တစ်သိန်းသုံးသောင်း ကျပ်ဖြစ်သည်။ အလှူခံအဖွဲ့ ဆရာတော်တို့ သည် တစ်ကျောင်းဝင်တစ်ကျောင်းထွက် သွားလာရသော ကုန်ကျစရိတ်များကို ကိုယ် တိုင်စိုက်ထုတ်သုံးကြပြီး အလှူငွေများကို လည်း ထည့်ဝင်လှူဒါန်းကြသည်။

အလှူခံရရှိငွေအားလုံးကို စာအောင် ဆုချီးမြှင့်ခြင်းအတွက်သာ သီးသန့်အသုံးပြု ခြင်း၊ အလှူခံသွားရောက်စဉ် ကားဆီဖိုး ကုန်ကျစရိတ်များ ကိုယ်တိုင်စိုက်ထုတ်သုံး စွဲခြင်း၊ ရရှိသုံးစွဲ လက်ကျန်ငွေစာရင်းရှင်း တမ်းအား ထားဝယ်ခရိုင်လေးမြို့နယ်မှ အလှူငွေထည့်သော ကျောင်းတိုက်များသို့

ဖြန့်ဝေပေးပို့ခြင်း၊ ထားဝယ်ဒေသ (ထားဝယ်၊ သရက်ချောင်း၊ လောင်းလုံ၊ ရေဖြူ)လေးမြို့နယ်မှ အလှူခံရရှိငွေပေါင်းမှာ ၁၁၂၃၉၀၀၀/ တစ်ရာတစ်ဆယ့်နှစ်သိန်းသုံးသောင်းကိုးထောင်ကျပ်ဖြစ်သည်။ စာအောင်ဆုချီးမြှင့်ငွေ ခြောက်ဆယ့်သုံးသိန်းကျပ်နှင့် လက်ကျန်ငွေမှာ လေးဆယ့်ကိုးသိန်းသုံးသောင်းကိုးထောင်ကျပ်ဖြစ်သည်။ ယခင်နှစ် ဘဏ်စာအုပ်လက်ကျန်နှင့်ပေါင်းပါက မြန်မာ့စီးပွားရေးဘဏ်၌ လက်ကျန်ငွေမှာ ကိုးဆယ့်နှစ်သိန်းတစ်သောင်းကိုးထောင်ဖြစ်ကြောင်း ရှင်းလင်းစွာ တင်ပြထားသည်။

"ပရိယတ္တိယေ၀ သာသနဿမူလံ" ပရိယတ္တိသည်သာလျှင် သာသနာတော်၏ အရင်းအမြစ်ဖြစ်သည်။ "ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံနာမ ဟောတိ" ပရိယတ္တိ တည်သည်ရှိသော် သာသနာတည်သည် မည်၏ဟု လာရှိသည်နှင့်အညီ ပရိယတ္တိ သာသနာတော်အကျွက် ကြိုးစားအားထုတ်တော်မူကြသည့် စာအောင်သံဃာတော်များနှင့် သီလရှင်များအား ဆုချီးမြှင့်ခြင်း၊ ချီးမြှောက်ခြင်းသည် ပရိယတ္တိသာသနာတော် သင်ယူသူ လေ့လာလိုက်စားသူ တနည်းအားဖြင့် ပရိယတ္တိသာသနာ နှစ် (၅၀၀၀)မက တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ပိဋကတ်သုံးပုံ ထိန်းသိမ်းစောင့်ရှောက်ပေးမည့် ဆရာတော်သံဃာတော်များ မွေးထုတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ထားဝယ်ဒေသရှိ ဆရာတော် သံဃာတော်တို့သည် ပရိယတ္တိသာသနာတော်ကြီး နှစ် (၅၀၀၀)မက အစွန့်ရှည်တည်တံ့ ပြန့်ပွားစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဂိုဏ်းဂဏများကွဲပြားစွာရှိသော်လည်း သာသနာတော်အတွက် စည်းလုံးညီညွတ်စွာ တစ်စိတ်တည်း တစ်ဝမ်းတည်း ဟူသော ခိုင်မြဲသော စိတ်ဓာတ်ဖြင့် သာသနာတော်အတွက် သာသနာပြုသူတို့ ဆောင်ရွက်ခဲ့ပုံများကို မှတ်တမ်းပြု တင်ပြအပ်ပါသတည်း။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ.....။

သန်းရွှေပိုင် (တမူး)



တစ်ခုသောဘဝဝယ် ဘုရားအလောင်းတော်သည် မြဟ္မဏပုဏ္ဏားမျိုး၌ ဖွားမြင်ရာ 'သေနက' ဟူသော အမည်တွင်ခဲ့လေသည်။ သူသည် ပညာရှိဖြစ်၍ လူတို့၏ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာရေးနှင့်ကိုယ်ကျင့်သီလကောင်းမွန်ရေးတို့အတွက် အကြံဉာဏ်များ ပေးလေ့ရှိသည်။

# ပညာရှိသေနက

▸ တက္ကသိုလ်သျှင်သီရိ (မဟာစရိယ ဘီအေ)

▸ ပန်းချီတင်ထွန်းထွန်း


ခါသော်…
ပုဏ္ဏားအိုကြီးတစ်ဦးသည် သူစုဆောင်းမိသော ငွေတစ်ထောင်ခန့်ကို လုံခြုံစွာ ထိန်းသိမ်းထားရန် မိသားစုတစ်စုအား အပ်နှံထားလေသည်။
ကံမကောင်း အကြောင်းမလှသည့် အားလျော်စွာ ထိုမိသားစုသည် ထိုအပ်နှံထားသော ငွေများကို အခြေအနေအရ အသုံးပြုလိုက်ရသည်။


တစ်နေ့တွင် ပုဏ္ဏားအိုကြီး ရောက်လာပြီး သူ့ငွေကိုပြန် တောင်းသည်။
ကျွန်ုပ် အပ်နှံထားသော ငွေကိုပြန်ပေးပါ
သင့်ငွေကို လိုအပ်၍ အသုံးပြုလိုက်မိပါသည်... ထို့ကြောင့် ကျွ်သမီးငယ်ကို သာ ခေါ်ဆောင်သွားပါ တော့ ...
ထိုအခါ ပုဏ္ဏားအိုကြီးသည် ငယ်ရွယ်နုပျိုလှပသော အမျိုး သမီးငယ်ကို ရသဖြင့် ကျေနပ်ဝမ်းသာစွာ ရှိနေသည်။

ထိုအမျိုးသမီးသည် ပုဏ္ဏားအိုကြီးကို အလုပ်သမား အစေခံမိန်းမ တစ်ဦး ရှာပေးရန် ပူဆာလေသည်။



အစေခံမှာ ခရီးထွက်ရန် ထမင်းနှင့် ဟင်းမှုန့်များကို ကြော်လှော် ချက်ပြုတ်၍ ပြင်ဆင်ပေးလေသည်။



ပုဏ္ဏားအိုကြီးသည် စားသောက်ဖွယ်ရာများကို အိတ်တွင်ထည့်ကာ အိမ်မှထွက်ခဲ့၏။ ခရီးအတန်ငယ်သွားမိသောအခါ သစ်ပင်ရိပ်တစ်ခုတွင် နားကာ အစားအစာစားသည်။



ထို့နောက် အိတ်ကို ဖွင့်လျက်အတိုင်း ထားခဲ့ပြီး ရေသောက်ရန် စမ်းချောင်းသို့ သွားသည်။ ထိုအခိုက် မြွေတစ်ကောင်သည် ဂျုံမှုန့်နံ့ရသဖြင့် အိတ်အတွင်းသို့ ဝင်ရောက်လေ၏။



ပုဏ္ဏားကြီးလည်း ရေသောက်ပြန်လာ၍ အိတ်ကိုပိတ်ကာ ခရီးဆက်ခဲ့သည်။


ထိုအကြောင်းကို သိသော ရုက္ခစိုးနတ်သည် ဘုရားလောင်း၏ ပညာရှိပုံကို သိစေရန် ပုဏ္ဏားအိုကြီးအား ဤသို့ ပြောဧ။
အို ပုဏ္ဏားကြီး
သင်အိမ်ပြန်ရောက်လျှင် သင်၏ ဇနီးသေဆုံးလိမ့်မည် ... အကယ်၍ လမ်းတွင် သင်ဆက်နေခဲ့လျှင်သင် သေဆုံးလိမ့်မည်။
ထိုအခါ ပုဏ္ဏားကြီး မှာ များစွာတုန်လှုပ်မိ၏။


ပုဏ္ဏားကြီးသည် ပညာရှိ သေနက၏
ရှာ ဇရပ်ခန်းမတွင်ရောက်ရှိနေ၏။
ထိုနေ့သည် လပြည့်နေ့ဖြစ်၍ လူအများသည် ဘုရားလောင်း ပညာရှိ သေနက ၏ အကြံပေးချက်များကို နာခံရန် ရောက်လာကြသည်။ ပုဏ္ဏားကြီးလည်း ခန်းမအတွင်း ချောင်ကျသောနေရာတွင် ထိုင်ကာ ငိုကြွေးနေ၏။
ညာရှိသေနက သည် ပုဏ္ဏားကြီးအား တွေ့ပြီး မေးမြန်းရာ နတ်မျက်စိအလား
ဏ္ဏားကြီးနှင့် ပတ်သက်သမျှ အလုံးစုံကို သိမြင်သွားလေသည်။

ထို့ကြောင့် အနီး၌ရှိ လူတစ်ယောက်အား တုတ်တစ်ချောင်းကို ယူစေပြီး ပုဏ္ဏားကြီး၏ အိတ်ကို ဖွင့်ခိုင်းသည်။ ထိုအခါ မြွေသည် အိတ်အတွင်းမှ ထွက်လာရာ လူများက အဝေးသို့ ယူကာ ပြစ်လေ၏။



ဤသို့ဖြင့် ဘုရားလောင်း 'ပညာရှိသေနက' ၏ ပညာဉာဏ်စွမ်းကြောင့် ပုဏ္ဏားအိုကြီးမှာ အသက်ချမ်းသာရာ ရခဲ့လေသည်။

သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရတော်မူသောအခါ ဘုရားရှင်သည် ဤသို့ ဥဒါန်းကျူးရင့်တော်မူလေသည်။

"ပညာဉာဏ်ဖြင့် ရှုစမ်းဆင်ခြင်ပြီးလျှင် ပုဏ္ဏားကြီး၏ အသက်ကို ကယ်တင်ခဲ့ပေသည် ... အသိပညာ အရာတွင် ငါသည် ပြိုင်ဘက်ကင်း ဖြစ်ခဲ့၏ ... ဤသို့ဖြင့် ငါသည် ပညာပါရမီ ပြည့်စုံပြီး မြောက်အောင် ဖြည့်ကျင့်ခဲ့ပေသည် တကား ... ... ..."

ပြီး

တက္ကသိုလ်ချင်းသိရိ(မြောက်ဓရိယာ ဘိမော်)
ပန်းချီတင်ထွန်းထွန်း

# စောင့်ရှောက်ကာဆီး ကမ္မဋ္ဌာန်းနည်းများ

သထပ-(ကျမ်းပြု)

**သူတစ်ပါးသေခြင်းကို ရှု၍ မိမိသေရမည်ကို ဆင်ခြင်ခြင်း**

"လောက၌ အခြွေအရံများပြားသူများ၊ ဘုန်းရှင်ကံရှင်ကြီးများ၊ ခွန်အားကြီးမားသောသူရဲကောင်းကြီးများ၊ တန်ခိုးရှင်ကြီးများ၊ ပညာရှင်ကြီးများ၊ ပစ္စေကဗုဒ္ဓါများနှင့် မြတ်စွာဘုရားတို့သည်လည်း သေခြင်းကို မလွှန်ဆန်နိုင်ကြ၊ မိမိသည်လည်း သေခြင်းကို အဘယ်မှာ လွှန်ဆန်နိုင်ပါမည်နည်း၊ ဧကန်မုချသေရမည်သာဖြစ်သည်ဟု ဆင်ခြင်ရမည်။

အကျယ်ဆင်ခြင်ပုံကား ဤသို့ဖြစ်သည်- လောက၌ အကျော်အစော အခြွေအရံ စည်းစိမ်ဥစ္စာကြီးမားကြသော မဟာသမ္မတမင်း၊ မန္ဓာတုစကြာမင်းစသည့် ပုဂ္ဂိုလ်တို့သည်ပင် အဆုံးတစ်နေ့၌ သေလွန်ကြရ၏။ ငါသည်ကားအဘယ်မှာ မသေဘဲရှိပါမည်နည်း မုချသေရပေဦးမည်ဟူ၍ဖြစ်စေ၊ ဘုန်းရှင်ကံရှင်ကြီးများဖြစ်ကြသော ဇောတိက၊ ဇဋိလ၊ ဥဂ္ဂ၊ မေဏ္ဍက၊ ပုဏ္ဏ၊ အနာထပိဏ်စသော သူဋ္ဌေးကြီးများပင် သေကြလေ၏။ ဘုန်းကံနည်းပါးသောငါသည်ကားအဘယ်မှာ မသေဘဲရှိပါမည်နည်းဟူ၍ဖြစ်စေ၊ ခွန်အားကြီးမားသူရဲကောင်းများဖြစ်ကြသော ဝါသုဒေဝမင်း၊ ဗလဒေဝမင်းစသည်တို့ပင် သေဆုံးကြသေး၏။ ငါသို့သောသာမန်လူသည် အဘယ်မှာမသေဘဲရှိပါမည်နည်းဟူ၍၊ သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ်ကိုပင် ခြေမတော်ဖြင့် လှုပ်ခါနိုင်စွမ်းရှိတော်မူသော တန်ခိုးတော်ရှင် အရှင်မဟာမောဂ္ဂလန်မထေရ်မြတ်ကြီးသည်ပင် သေဆုံးရသေး၏။ ငါသို့သော သာမန်လူသည် အဘယ်မှာ မသေဘဲရှိပါမည်နည်းဟူ၍ ဖြစ်စေ၊ မြတ်စွာဘုရားမှတစ်ပါးတလောကလုံးတွင် ဉာဏ်ပညာအကြီးမားဆုံးဖြစ်သော အရှင်သာရိပုတ္တရာသည်ပင် သေလွန်ရသေး၏။ ငါကဲ့သို့ သာမန်လူသည် အဘယ်မှာမသေဘဲ ရှိပါမည်နည်းဟူ၍ဖြစ်စေ၊ မိမိ၏ဉာဏ်ဝီရိယအစွမ်းဖြင့် ကိလေသာတို့ပယ်သတ်ပြီး သဗ္ဗညုဉာဏ်ကိုသိတော်မူနိုင်

သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်ပင် သေဆုံးကြရသေး၏။ ငါကဲ့သို့သော သာမန်လူသည် အဘယ်မှာမသေဘဲရှိပါမည်နည်းဟူ၍ ဖြစ်စေ၊ လောကဓာတ်သိစရာရှိသမျှ တစမကျန်သိမြင်တော်မူနိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသည်ပင် သေခြင်းကို မလွန်ဆန်နိုင်ဘဲ ပရိနိဗ္ဗာန်ပြုတော်မူရသေး၏။ ငါကဲ့သို့သော သာမန်လူသည် အဘယ်မှာ မသေဘဲရှိပါမည်နည်းဟူ၍ ဖြစ်စေ သူတစ်ပါးတို့၏ သေခြင်းကိုရှု၍ မိမိ၏ သေခြင်းကို အဖန်ဖန်ဆင်ခြင်ရမည်။

## ကိုယ်ခန္ဓာ၏ ဘေးအန္တရာယ်များပြားပုံကို ဆင်ခြင်ခြင်း

ဤကိုယ်ခန္ဓာသည် ပိုးမျိုးရှစ်ဆယ်တို့နှင့် ရောပြွမ်းနေ၏။ ထိုပိုးမျိုးရှစ်ဆယ်တို့သည် ခန္ဓာကိုယ်အနံ့အပြားကို ကိုက်ခဲစားသောက်နေကြ၏။ ထိုပိုးတို့သည် ဤခန္ဓာကိုယ်တည်း၌ပင် မွေးကြ၊ အိုကြ၊ သေကြ၊ ကျင်ကြီးကျင်ငယ် စွန့်ကြ၏။ ထိုပိုးမျိုးရှစ်ဆယ်အန္တရာယ်တို့နှင့် ဆက်ဆံနေကြရသကဲ့သို့ပင် သေစေနိုင်လောက်သော ကိုယ်တွင်းရောဂါများ၊ အသက်အန္တရာယ်ပြုတတ်သော မြွေ၊ ကင်းစသောပြင်ပဘေးရန်များနှင့်လည်း ဆက်ဆံနေရ၏။ ထိုသို့ဆက်ဆံနေရသဖြင့် အချိန်မရွေးသေဆုံးနိုင်ပေသည်ဟု အဖန်ဖန်ဆင်ခြင်ရမည်။

## အသက်၏မခိုင်မြဲသည်ကို ဆင်ခြင်ခြင်း

သတ္တဝါတို့၏ အသက်သည် ထွက်သက်၊ ဝင်သက်ဣရိယာပုထ်၊ အအေးအပူ၊ ဓာတ်ကြီးလေးပါး အာဟာရတို့နှင့် ဆက်ဆံနေ၏။ ဤအသက်သည် ထွက်သက်ဝင်သက်ပြတ်လျှင် သေတော့၏။ ဣရိယာပုထ်မျှတနေမှလည်း အသက်ရှင်နိုင်၏။ ဣရိယာပုထ်မညီမျှဘဲ တစ်ပါးပါးလွန်ကဲသွားလျှင် သေဆုံးနိုင်၏။ အပူအအေးမျှတမှလည်း အသက်ရှင်နိုင်၏။ အပူအအေးမမျှတဘဲ တစ်ခုခုလွန်ကဲပါက သေဆုံးတတ်၏။ ဓာတ်ကြီးလေးပါးမျှတမှသာ ဆက်လက်အသက်ရှင်နိုင်၏။ ဓာတ်တစ်ပါးပါးပျက်က အနာရောဂါတစ်မျိုးမျိုး ဝင်ရောက်ကာ သေဆုံးတတ်၏။ ထို့ပြင် သင့်တင့်သောအာဟာရကို မှီဝဲနေမှသာ အသက်ရှင်နိုင်၏။ အာဟာရပြတ်က သေဆုံးတတ်သည်ဟု အသက်၏ မခိုင်မြဲပုံကို အဖန်ဖန်ဆင်ခြင်ရမည်။

**မည်သည့်အချိန် မည်သည့်ရောဂါဖြင့် သေရမည်ကို မသိနိုင်ကြောင်း ဆင်ခြင်ခြင်း**

သတ္တဝါတို့သည် အမိဝမ်းတွင်း၌ဖြစ်စေ၊ မွေးဖွားပြီးမှဖြစ်စေ၊ သက်တမ်းအတွင်း၌ဖြစ်စေ၊ သက်တမ်းကျော်လွန်ပြီးမှဖြစ်စေ သေကြရသည်ကိုလည်းကောင်း၊ မည်သည့်အချိန်ကာလ၌ သေကြရသည်ကိုလည်းကောင်း၊ အလောင်းကောင်ကို မည်သည့်အရပ်ဒေသ၌ မြှုပ်နှံရမည်ကိုလည်းကောင်း၊ သေဆုံးပြီးနောက် မည်သည့်ဘုံဘဝ၌ ရောက်ရမည်ကိုလည်းကောင်း၊ ကြိုတင်၍ မသိနိုင်ကြပေဟု သတ္တဝါတစ်ဦး၏ အသက်ရောဂါ၊ သေရမည့်အချိန်အခါ၊ အလောင်းကောင်ပစ်ချရာအရပ်၊ ရောက်ရမည့်ဘုံဘဝနှင့်ပတ်သက်ပြီး ကြိုတင်၍ မသိနိုင်ပုံကို အဖန်ဖန်ဆင်ခြင်ရမည်။

**ာက်တမ်းတိုတောင်းပုံကို သတိပြု၍ သေခြင်းကို ထင်မြင်အောင် ဆင်ခြင်ခြင်း**

ယခုအခါ လူတို့၏သက်တမ်းက အလွန်ပ်ကိုတောင်း၏။ အသက်အရှည်ဆုံးနေသူပင် နှစ်တစ်ရာ၊ တစ်ရာအထက်အနည်းငယ်သာ ပို၍ နေကြရ၏။ ထိုကြောင့်ပင် ကုသိုလ်ကောင်းမှုကို ပြုသင့်၏။ မြတ်သောအကျင့်ကို ကျင့်သင့်၏။ ပဋိသန္ဓေနေလာသူမှန်သမျှ ဧကန်ပင်သေကြရမည်ဟု လောက၌ သတ်မှတ်ထားသည့် သက်တမ်းတိုတောင်းပုံကို သတိပြု၍ သေခြင်းသဘောကို အဖန်ဖန်ဆင်ခြင်ရမည်။

**အသက်ရှင်ဆဲခဏ၏ တိုတောင်းပုံကို ဆင်ခြင်ခြင်း**

သတ္တဝါတို့၏ အသက်ရှင်ဆဲခဏသည် ပရမတ္ထအားဖြင့် အလွန်ပင်တိုတောင်း၏။ စိတ္တက္ခဏတစ်ချက်မျှသာ ရှိချေ၏။ ထိုစိတ်ချုပ်သွားလျှင် သေသည်ဟု ခေါ်ဆိုရ၏ဟု အသက်ရှင်ဆဲခဏ၏ တိုတောင်းလှပုံကို အဖန်ဖန်ဆင်ခြင်ရ၏။

အထက်တွင် ဖော်ပြခဲ့သောနည်းများအနက် တစ်နည်းနည်းဖြင့် သေခြင်းသဘောကို အဖန်ဖန်ဆင်ခြင်လျှင် ဘာဝနာစိတ်အထုံရ၍ သေခြင်းသဘောတစ်ခု၌သာ သတိပြုလျက် ကိလေသာနီဝရဏတရားများကို ခွါချနိုင်မည်သာဖြစ်၏။ ထို့ပြင် ဥပစာရစျာန်ကို ရရှိနိုင်မည်ဖြစ်သည်။

သထပ-ကျမ်းပြု

# မကောင်းစကား မဖြစ်စေလို

**မောင်နိုး (ရွှေဗိုမ်)**

လောက၌ စကားပြောတတ်သူ စကားပြောနိုင်သူ မှန်သမျှ မလွဲကေန် မိမိတို့ပါးစပ် (နှုတ်)မှ စကားလုံးများစွာ ပြောဆိုထုတ်ဖော်ကြမည်။ ထိုသို့ ပြောဆိုထုတ်ဖော်ရာ၌ အကောင်းတွေလည်း ပြောမည်။ အဆိုးတွေ မကောင်းတွေလည်း ပြောမည် ဖြစ်၏။ အကောင်းတွေပြောလျှင်တော့ အကောင်းစကားတွေဖြစ်ပြီး ရလဒ်ကောင်းတွေ ထွက်ပေါ်လာမည်။ အဆိုးတွေပြောလျှင်တော့ အဆိုးစကားတွေဖြစ်ကာ ရလဒ်ကောင်းထွက်ပေါ်မည်မဟုတ်ပေ။

လူဖြစ်လာတိုင်း စကားပြောနိုင်သူချည်းမဟုတ်ဘဲ ရှေးကုသိုလ်ကံကြောင့် စကားများစွာ ထွက်နိုင်ပြောနိုင်သည်ဖြစ်၍ စကားအရာလိမ္မာပါးနပ်ဖို့ လိုအပ်သည်။ မိမိပြောချင်သောစကား အကျိုးရှိမရှိ အကျိုးရမရ ဆန်းစစ်ဖို့လိုအပ်သည်။ ပြောကာ ပြော၏။ အကျိုးမရှိ၊ အကျိုးမရဖြစ်က လေကုန်၍သာ ပင်ပန်းမှု အဖတ်တင်ရုံဖြစ်၏။ နေ့စဉ်အသက်ရှင်နေသမျှ မိမိမှာ စကားတွေ ပြောနေရမည်ဖြစ်သည်။ မိမိနှင့်နေ့စဉ် ထိတွေ့ဆက်ဆံနေရသူတွေဖြစ်ဖြစ် တစ်ခါတစ်ရံ ကြုံတိုက်လို့ ပြောဆိုရသူတွေဖြစ်ဖြစ် အကြောင်းအရာပေါ်က စကားတွေ ပြောရမည်။ ယုတ်စွအဆုံး စကားမပြောချင်၍ မျက်နှာချင်းမဆိုင်ချင်တောင် ရှောင်လွဲလို့ မဖြစ်နိုင်သည့်အခါ တစ်ခွန်းစ နှစ်ခွန်းစတော့ မဖြစ်မနေပြောရမည်ဖြစ်၏။ ထိုသို့ဖြစ်၍ စကားပြောရာ၌ ပြောတတ်ဖို့ အရေးကြီး၏။ စကားလုံးတိုင်း စကားလုံးတိုင်း သူ့နေရာနှင့်သ အဓိပ္ပာယ်ရှိ၏။ နားထောင်သူကြားရသူ စကားလုံးတို့၏ အဓိပ္ပါယ်တာသွားမှုအရ နားလည်ခြင်းဖြစ်၏။ စိတ်ခံစားမှုဖြစ်၏။ စကားလုံးတို့၏ ထွက်ဆိုမှု ပေါ့ပျက်ပျက်ဖြစ်လျှင် နားထောင်သူမှာ ပေါ့ပျက်ပျက် အဓိပ္ပါယ်မဲ့သော စကားအဖြစ် ခံစားမိလျက် လေးနက်မှုမရှိဘဲ ဖြစ်၏။ စကားလုံးတိုင်းကို တလေးတစား ပြောဆိုလျှင်တော့ ကြားရသူမှာ အဓိပ္ပါယ်ပြည့်ဝ၍ ကြားရတာ အားရှိလျက် ကျေနပ်လက်ခံမည်ဖြစ်၏။ ထို့ကြောင့် စကား

အရာ လိမ္မာပါးနပ်အောင် ကြိုးစားရမည်။

စကားပြောရာ၌ အကောင်းစကား ဖြစ်ဖို့ ရှောင်ရမည့်စကား ဆောင်ရမည့်စကား တွေရှိသည်။ ရှောင်ရမည့်စကား (၄)မျိုး၊ ဆောင်ရမည့်စကား (၄)မျိုးတို့ဖြစ်၏။ ရှောင်ရမည့်စကားကိုရှောင်၍ ဆောင်ရမည့်စကား ကို ဆောင်လျှင် အကောင်းစကားပြောခြင်း ဖြစ်တော့၏။ (၁) လိမ်လည်လှည့်စား ညာ ပြောခြင်းကိုရှောင်၍ မှန်ရာကိုသာ ဆောင်ထား ပြောခြင်း၊ (၂) ချောပစ်ကုန်းတိုက်ခြင်းကို ရှောင်၍ ညီညွတ်သင့်မြတ်အောင် ဆောင်ရွက် ပြောခြင်း၊ (၃) ရိုင်းပျကြမ်းတမ်းပြောခြင်း ကိုရှောင်၍ နူးညံ့သိမ်မွေ့စွာ ဆောင်ထားပြော ခြင်း၊ (၄) အကျိုးမစပ် ပေါ့ပျက်ပျက်ပြော ဆိုခြင်းကိုရှောင်၍ အကျိုးစပ်လေးနက်သော စကားကို ဆောင်ထားပြောခြင်းတို့ဖြစ်၏။

ထိုသို့ဖြစ်၍ စကားပြောရာ၌ လိမ် လည်လှည့်စားညာပြောဆိုမှုမျိုးကို ရှောင်ကြဉ် ထိန်းသိမ်းရမည်။ အရှိကို အရှိအတိုင်း အမှန် ကိုအမှန်အတိုင်း အမှားကို အမှားအတိုင်း မဖုံး ကွယ် မလိမ်ညာဘဲ မှန်ရာကိုသာ ပြောဆိုရ မည်။ လိမ်ညာဖာထေးမပြောရ၊ ကိုယ့်ထက် သာသူဖြစ်၍ မျက်နှာလို မျက်နှာရအနေ အပို အလိုမပြောရ၊ ကိုယ့်အောက်နိမ့်ကျသူဖြစ်၍ ဖိနှိပ်အနေ အပိုအလိုမပြောရ၊ မှသားကင်း လျက် သန့်သန့်ရှင်းရှင်း သစ္စာ၌တည်ကာ ပြောဆိုရသည်။ ဤသို့မှန်ရာ၌တည်၍ ပြော ဆိုသောစကားသည် အကောင်းစကားပဲဖြစ် တော့၏။

တစ်ဖန် အချင်းချင်းညီညွတ်သင့်မြတ် အောင် အဆင်ပြေနေသူတို့ကို ဖျက်လိုဖျက် ဆီး ပျက်လိုပျက်စီးသူတို့အချင်းချင်း စိတ်ဝမ်း ကွဲအောင် ကုန်းတိုက်ပြောဆိုမှုမျိုးကိုလည်း ရှောင်ကြဉ်ထိန်းသိမ်းရမည်။ တစ်ဦးနှင့်တစ် ဦး အချစ်ပျယ်အောင် သွေးခွဲစကားမပြောမိ အောင် မိမိကိုယ်ကို စောင့်စည်းရမည်။ တစ် ဦးနှင့်တစ်ဦးအဖွဲ့အစည်းဆိုလျှင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ပေါင်းစည်းရေး ညီညွတ်ရေး သင့်တင့် မျှတရေး အဆင်ပြေချောမွေ့ရေးသို့သာ ဦး တည်လျက်ပြောဆိုရမည်။ အဖျက်သဘောက စကားမျိုးကို ရှောင်ကာ အပြုသဘောစကား မျိုးကိုသာ ပြောဆိုရမည်ဖြစ်သည်။ ထိုသို့ ညီ ညွတ်ရေးဘက်သို့ ဦးတည်ပြောဆိုသောစကား သည် အကောင်းစကားပဲဖြစ်တော့၏။

ထို့ပြင်လည်း စကားပြောရာ၌ မိမိ နှင့်ပြောဆိုဆက်ဆံသူတို့အပေါ် မောက်မောက် မာမာ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုမှုမျိုး ကို ရှောင်ကြဉ်ရမည်။ သူတစ်ပါးမနှစ်မြို့သော

သို့ဆိုလျှင် စကားပြောရာ၌ ရှောင်ကြဉ်ရမည့်စကားများကို ရှောင်ကြဉ်လျက် ဆောင်ထားပြောဆိုရမည့်စကားကို ဆောင်ထားပြောလျှင် မိမိပါးစပ် (နှုတ်)မှ ထွက်လာသော စကားလုံးများသည် အကောင်းစကားပဲဖြစ်ပါ၏။

ထပ်၍ဆိုရလျှင် လူ့ဘောင်လူ့လောက၌ စကားပြောတတ်သူအားလုံး၏ ပြောဆိုမှုများကို တူရာတူရာပေါင်းစုလိုက်ပါက စကားပြောဆိုပုံ (၆)မျိုးပဲသာ ရှိသည်။ ထိုခြောက်မျိုးမှာ-

၁။ အကြောင်းအရာမှန်ကန်လျက် အကျိုးလည်းရှိ၊ သူတစ်ပါးကြားလိုသော စကား၊

၂။ အကြောင်းအရာမှန်ကန်လျက် အကျိုးလည်းရှိ သူတစ်ပါးမကြားလိုသော စကား၊

၃။ အကြောင်းအရာမှန်ကန်လျက် အကျိုးတော့မရှိ သူတစ်ပါးမကြားလိုသော စကား၊

၄။ မှန်ကန်မှုမရှိ၊ အကျိုးတော့ရှိ သူတစ်ပါးကြားလိုနှစ်လိုသောစကား၊

၅။ မှန်ကန်မှုမရှိ၊ အကျိုးလည်းမရှိ သူတစ်ပါးကြားလိုနှစ်လိုသောစကား၊

စကားကို ဆဲဆိုကြိမ်းမောင်း အော်ဟစ် နားမချမ်းသာသော စကားမျိုးမပြောဖြစ်အောင် မိမိကိုယ်ကို ထိန်းသိမ်းရမည်။ ကိုယ်ကိုယ်သူသူ ရိုင်းစိုင်းကြမ်းကြုပ်စွာ ပြောဆိုခံရမှုကို လက်မခံနိုင်သည်၏ အဖြစ် စေ့စေ့တွေးလျက် ကိုယ်ချင်းစာစိတ်ဖြင့် မပြောမိအောင် စောင့်စည်းရမည်။ မိမိနှင့်ထိတွေ့ဆက်ဆံရသူအားလုံးကို သိမ်မွေ့နူးညံ့ ပျော့ပျောင်းစွာ ပြောဆိုရမည်ဖြစ်သည်။ ဤသို့ သိမ်မွေ့နူးညံ့ပျော့ပျောင်းစွာ ပြောဆိုမှုသည် အကောင်းစကားပဲဖြစ်တော့၏။

တစ်ဖန်လည်း အကျိုးမရ အလကားပိန်ဖျင်းသောစကား ဝိုင်းဖွဲ့ပြောဆိုမှုမျိုးကို ရှောင်ကြဉ်ရမည်။ ပျော်စေ ပျက်စေ ကလက်စေဟူသော စကားပြောဆိုမှုများသည် အချိန်ကုန်အကျိုးမဲ့ အနှစ်သာရမရှိ၍ ''မောဃကာလံ န ခေပယေ'' ဆိုသလို အကျိုးမရှိ အတင်းအဖျင်းပြောဆိုသွားပုပ်ချစကားမျိုးကို မပြောမိအောင် မိမိနှုတ်ကို စောင့်စည်းရမည်ဖြစ်သည်။ အကျိုးနှင့်စပ် စီးပွားနှင့်စပ် လေးနက်သော ပြောဆိုမှု စကားများသည်သာ တစ်လုံးတစ်ပါဒ တစ်ခွန်းမျှဖြစ်စေ ပြောဆိုရမည်။ ထိုသို့ပြောဆိုအပ်သောစကားသည် အကောင်းစကားပဲဖြစ်တော့၏။

၆။ မှန်ကန်မှုမရှိ၊ အကျိုးလည်းမရှိ သူတစ်ပါးမကြားလို မနှစ်လိုသောစကား တို့ ဖြစ်ပါသည်။

ယင်းစကား ခြောက်မျိုးတွင် (၁,၂, ၃)ထိ ပြောဆိုမှုစကားတို့သည် အကြောင်း အရာပြောဆိုမှုမှန်ကန်ပြီး မလိမ်ညာပဲ မုသား ကင်းသော စကားတို့ဖြစ်၍ (၄,၅,၆)ထိ ပြောဆိုမှုစကားတို့သည် အကြောင်းအရာ ပြောဆိုမှု မမှန်မကန်ဘဲ လိမ်ညာပြောဆို မုသားစကားတို့ဖြစ်လေသည်။ (၁-၂)ပြော ဆိုမှုစကားတို့သည် မှန်ကန်ပြီး အကျိုးရှိသည့် အတွက် ပြောသူရော ကြားရသူပါ နှစ်ဦး နှစ်ဖက်အကျိုးရ၍ ဘုရားစသောသူတော် ကောင်းများ ပြောဆိုတော်မူကြသည်။ (၃)နံပါတ်ပြောဆိုမှုသည် မှန်ကန်သော်လည်း အကျိုးတရားတစ်စုံတစ်ရာ မရှိသည့်အတွက် ပြောဆိုတော်မမူကြ။ (၄-၅-၆)ပြောဆိုမှု စကားတို့မှာ မမှန်မကန်သော စကားတို့ဖြစ် ၍ ကြားရသူ အကျိုးရှိသည်ဖြစ်စေ အကျိုး မရှိသည်ဖြစ်စေ သူတော်စင်များ မပြောကြ ပေ။ ထိုသို့ဖြစ်၍ (၁-၂)ပြောဆိုမှု စကားများ သည်သာ "ကောင်းသောစကား"ဟု ဆိုရ မည်ဖြစ်၏။

"စကားအရာ လိမ္မာနှင့်ပါမှ" ဆို သလို စကားပြောရာ၌ အခြေအနေ အချိန် အခါကြည့်ပြီး ပြောဆိုတတ်ဖို့လည်း လိုအပ် ပြန်သည်။ မိမိက အကျိုးရှိရာ အကျိုးရှိ ကြောင်း အကောင်းတွေချည်း ပြောပြနေ လည်း တစ်ဖက်သား ကြားရသူ နာရသူမှာ စိတ်ဝင်စားမှုမရှိလျှင် "လေသာကုန်၍ အကျိုး မရ"ဖြစ်တတ်၏။ ကောင်းကင်မှ မိုးရေ မိုးပေါက်များ မည်မျှကျဆင်းပါလည်း အဖုံး ပိတ်ထားသော စဉ့်အိုး၌ ရေမဝင်သလိုဖြစ်၏။ ထို့ကြောင့် မိမိက အကျိုးတရားရှိပါစေတော့ အကျိုးတရားဖြစ်ထွန်းပါစေတော့ဟု စိတ် ရင်းအမှန်ဖြင့် ပြောနေလည်း ကြားရသူဖို့ စိတ်မဝင်စား၍ "ဒုက္ကထာ" ဖြစ်သွားရ သည်။ "ဒုက္ကထာ"ဆိုတာ မကောင်းစကား ဟု အဓိပ္ပါယ်ရသည်။ မိမိက အကျိုးမျှော် လင့် ပြောနေသော်လည်း နားထောင်သူက စိတ်ဝင်စာမှုမရှိသဖြင့် "ဒုက္ကထာ- မကောင်း စကား"ဖြစ်ရခြင်းပေတည်း။

စာပေ၌ "ဒုက္ကထာ" ငါးပါးရှိပုံ လာရှိသည်။ သဒ္ဓါတရားမရှိသူအား သဒ္ဓါ တရားအကြောင်းပြောပြလျှင်၊ သီလမရှိသူ အား သီလအကြောင်းပြောပြလျှင် အကြား အမြင်မရှိသူအား ဗဟုသုတအကြောင်းပြော ပြလျှင် ပေးကမ်းမှုမရှိသူအား ဒါနအကြောင်း

ပြောပြလျှင် ပညာမဲ့သူအား ပညာအကြောင်း ပြောပြလျှင် မကောင်းစကားဖြစ်တတ်သည်။

သဒ္ဓါတရားကင်းမဲ့သူအား သဒ္ဓါနှင့် စပ်သောအကြောင်းအရာများ ပြောပြမည် ဆိုလျှင် အခြေအနေအချိန်အခါကြည့်ပြီး သူ လက်ခံနိုင် လက်မခံနိုင် ချင့်ချိန်ကာ ပြောရ မည်ဖြစ်၏။ သီလမရှိသူအားလည်း ကိုယ် ကျင့်သိက္ခာအကြောင်း၊ သီလဆိုင်ရာ စောင့် ထိန်းပုံအကြောင်းတို့ကို ပြောပြမည်ဆိုလည်း သူ့သဘောထားစိတ်ရင်းကို တွေးဆပြီး ပြော ရမည်ဖြစ်၏။ အကြားအမြင်နည်းသူအား လည်း ဗဟုသုတဆိုင်ရာ ဖြစ်ဖွယ်အကြောင်း ဖောင်ဖွဲ့ပြောနေပြန်လည်း နားမဝင် စိတ်ရှုပ် မည်ဖြစ်၍ သူ့အတွက် အဆင်ပြေရာ လက် ခံနိုင်လောက်သော ဗဟုသုတဖြစ်ဖွယ်ကိုသာ ချိန်ဆပြီး ပြောရမည်ဖြစ်၏။ စွန့်ကြဲပေးကမ်း မှုမရှိ ကော်တရာကပ်စေးနဲ့အား ညောင်စေ့ မျှ လှူရုံနှင့် ညောင်ပင်ကြီးလောက်ရနိုင်သည် လှူဒါန်းမှုကြောင့် လူနတ်ချမ်းသာရနိုင်သည် စသည်ဖြင့် ပြောပြလည်း ကပ်စေးနဲ့ကော်တ ရာမှာ တုတ်တုတ်မျှမလှုပ်။ "ဒါနစာဂ လှူပြိန်း ဝါဒ" အဖြစ် ရှုမြင်မည်ဖြစ်၏။ ထို့ကြောင့် စွန့်ကြဲပေးကမ်းမှုအားနည်းသူအား သူလက်ခံ နိုင်လောက်သောအနေအထားကိုသာ ဆင်ခြင် သုံးသပ်လျက် ဒါနအကြောင်း ပြောပြရမည် ဖြစ်၏။ ထို့အတူ ပညာမဲ့သူ အသိဉာဏ်နံ့သူ အားလည်း ပညာရပ်ဆိုင်ရာအကြောင်းအရာ များ ပြောပြ သင်ပြရလည်း ထိုသူနားလည် နိုင်စွမ်းသော ပညာရပ်ကိုသာ အတတ်နိုင် ဆုံးပြောရမည်ဖြစ်၏။ လောကီပညာရပ်၊ လောကုတ္တရာပညာရပ် ဘယ်ပညာရပ်မဆို "သူ့အိုးနဲ့ သူ့ဆန် တန်အောင်ခပ်" ဖို့ပဲ ဖြစ်၏။ နားထောင်သူ နာခံသူ ဉာဏ်ပညာ ထက်မြက်မှုအလိုက် ပြောဆိုရမည်ဖြစ်ပေ သည်။ သို့မှသာ မိမိပြောဆိုအပ်သောစကား သည် ထိုသူ့အတွက် လက်ခံနိုင်စွမ်းရှိ၍ ကောင်းသောစကားဖြစ်တော့၏။

ဤသို့ဆိုလျှင် စကားပြောတတ်သူ စကားပြောနိုင်သူ လူသားတို့အနေဖြင့် နေ့စဉ် မိမိပြောဆိုအပ်သော စကားများသည် ကောင်း သောစကားပေလော့၊ မကောင်းသောစကား ပေလော့၊ သေချာတွေးကြည့်သင့်၏။ စာရေး သူအနေဖြင့် လူသားအားလုံး မကောင်းစကား မဖြစ်စေလိုပါကြောင်း ဆန္ဒပြုအပ်ပါသတည်း။

မောင်နိုး (ရွှေဗုိမ်)

# "ရေကောင်းရေသန့်"

ဦးတင်မြင့်

ယခင်လမှအဆက်

"ဒီသိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် လူ့လောကကြီးရဲ့ တန်ဖိုးရှိလှတဲ့ အချိန်တွေကိုလည်း အကျိုးရှိစွာ သုံးစွဲခွင့်ရရှိမှာဖြစ်ပါတယ်။ တစ်ဦးနဲ့ တစ်ဦးလည်း ဒေါသအာဃာတတွေ ကင်းပြီး ချစ်ခင်ရင်းနှီးမှုတွေ ရရှိကြမှာဖြစ်ပါတယ်။ လူသားလောကကြီးဟာလည်း ဆူပွက်နေတဲ့ အသံတွေနေရာမှာ ဆိတ်ငြိမ်အေးချမ်းမှုက နေရာယူလာမှာဖြစ်ပါတယ်။ ဒီကိုယ်ကျင့်တရားဟာလည်း ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာစေမယ့် ကိုယ်ကျင့်တရားဖြစ်မယ်ဆိုတာ ထင်ရှားပါတယ်"

"ကဲ.. ဒီကနေ့ပြောတာလည်းများ အချိန်လည်းကုန်နေပြီမို့ နားကြဦးစို့ဗျာ"

နောက်တစ်နေ့ မနက်စောစော စကားဝိုင်းစဖြစ်ခဲ့ပါတယ်။ လူရွယ်က "အကိုကြီး ဒီနေ့ ဘယ်သိက္ခာပုဒ်အကြောင်းပြောဖြစ်မှာလဲ"

ကျွန်တော်က ဒီကနေ့တော့ "စိတ်နဲ့ကျူးလွန်တဲ့မကောင်းမှု (မနောဒုစရိုက်) အကြောင်းပြောပါ့မယ်ညီလေး၊ စိတ်နဲ့ကျူးလွန်တဲ့မကောင်းမှု (မနောဒုစရိုက်)က သုံးပါးရှိပါတယ်။ ပထမဆုံးပြောမယ့်သိက္ခာပုဒ်က သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင်ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်သော အကျင့်မြတ်ကို ကောင်းစွာဆောက်တည်ပါ၏။ (အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ)ဆိုတဲ့ သိက္ခာပုဒ်ပါပဲ။ ဒီသိက္ခာပုဒ်မှာ သူတစ်ပါးစည်းစိမ်ဆိုတာ မိမိကလွဲရင်အခြားသူ သွေးသားတော်စပ်သူ ညီအကိုမောင်နှမသားနဲ့အမိ သားနဲ့အဖတို့အထိ အကျုံးဝင်ပါတယ်။ ကိုယ့်စည်းစိမ်ဖြစ်အောင်ကြံစည်တယ်ဆိုတာ မိမိလက်ဝယ် ပိုင်နိုင်စွာရရှိအောင် ကြံစည်ခြင်းဖြစ်ပါတယ်။

သာဓကအနေနဲ့ ပြောရမယ်ဆိုရင်တော့ ဘုရားရှင်လက်ထက်တော်အခါက အဇာတသတ်မင်းဟာ ဇောတိကသူဌေးရဲ့ စည်းစိမ်အားလုံးကို မင်းတို့ရဲ့အာဏာစက်နဲ့ သိမ်းယူဖို့ သူ့ရဲ့ဆင်တပ် မြင်းတပ် အစုံအလင်နဲ့ တပ်မတော်ကြီးလိုက် ချီတက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဇောတိကသူဌေးဟာ ကြွယ်ဝလွန်း

သူဖြစ်လို့သူ့ရဲ့ ခြံဝင်းပါတ်လည်မှာ ပတ္တမြား တံတိုင်းတွေ အပြည့်ခတ်ထားပါတယ်။ ချီတက်လာတဲ့ အဇာတသတ်မင်းတပ်မတော်ကြီးရဲ့ အရိပ်ဟာ ဇောတိကသူဌေးကာရံထားတဲ့ ပတ္တမြားတံတိုင်းထဲမှာ လာထင်နေတာကို သူတို့ကို တိုက်ဖို့ချီတက်လာတဲ့ ရန်သူ့တပ်မတော်ကြီးလို့ထင်ပြီး တပ်မတော်ကြီးတစ်ခုလုံး ဖြံဖြံမှတုန်အောင် ကြောက်လန့်ကာ ခြေဦးသည့်ရာ ထွက်ပြေးကြလို့ တပ်မတော်ကြီး တစ်ခုလုံး ဖရိုဖရဲပြိုကွဲ ပျက်စီးသွားခဲ့ပါတယ်။ "အရိပ်ကို ရန်သူထင်" ဆိုတဲ့စကားပုံဟာ ဒီကစသလားလို့ တွေးမိစရာပါပဲ။ အဲဒီနောက် ဆင်ပြောင်ငါးစီး အားမာန်ကြီးတဲ့ အဇာတသတ်မင်းဟာ လိုချင်စိတ်နဲ့ ဇောတိကသူဌေးရဲ့လက်က ပတ္တမြားလက်စွပ်ကို အားကုန်သုံးပြီး ဆွဲဖြုတ်ပေမဲ့လည်း လက်စွပ်ကပြုတ်မလာဘဲ ဇောချွေးတွေသာ ပြန်လာခဲ့ပါတယ်။ ဇောတိကသူဌေးက အဇာတသတ်ကို လက်ဝါးဖြန့်စေပြီး လက်ကို စိုက်ချလိုက်တာနဲ့ ပတ္တမြားလက်စွပ်ဟာ အဇာတသတ်ရဲ့လက်ထဲ အလိုလို လျှောကျသွားခဲ့ပါတယ်။ ဒီသာကေမှာ ထူးခြားတဲ့မှတ်သားဖွယ်ရာလေးကို ပြောပြချင်ပါတယ်။ ဇောတိကသဌေးဟာ ရှေးအတိတ်ဘဝတစ်ခုတုန်းက ဘုရားရှင်တစ်ဆူရဲ့ ဂန္ဓကုဋီတိုက်ထဲမှာ သခွားသီးခန့်ရှိတဲ့ ပတ္တမြားကြီးတစ်လုံးကို လှူဒါန်းခဲ့ပါတယ်။ တစ်နေ့တော့ အဲဒီပတ္တမြားကို မသမာသူတစ်ဦးက ခိုးယူခဲ့လို့ ပျောက်ဆုံးသွားခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်မကြည်မသာဖြစ်နေတဲ့သူဌေးဟာ ဘုရားရှင်ကို ဖွင့်ဟလျှောက်ထားခဲ့ပါတယ်။ ဘုရားရှင်က "မိမိကိုယ်တိုင်က သဒ္ဓါကြည်ဖြူမပေးဘဲ မည်သူမျှ မယူနိုင် မရနိုင်ပါစေသား" လို့ ဆုတောင်းပြီး လှူဒါန်းရန် မြွက်ကြားတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် အဲဒီဘဝမှာပဲ အဲဒီလို အဓိဋ္ဌာန်ပြုပြီး သခွားသီးခန့်ရှိတဲ့ ပတ္တမြားကြီးတစ်လုံးကို ဘုရားရှင်ရဲ့ ဂန္ဓကုဋီတိုက်အတွင်းမှာ ထပ်မံလှူဒါန်းခဲ့ပါတယ်။ အဲဒီဆုတောင်းကြောင့် ယခုဂေါတမဘုရားရှင်လက်ထက်မှာ သူကိုယ်တိုင်က သဒ္ဓါကြည်ဖြူမပေးခဲ့ရင် ဘယ်ပါးသူတွေဟာ ဘာကိုမှ ယူလို့မရကြပါဘူး။ ဒါပေမဲ့ကတော့ အလှူဒါနတွေအများကြီးပြုနေကြတဲ့ ကျွန်တော်နိုင်ငံက ဗုဒ္ဓဘာသာဝင်တွေ သတိမူအတုယူစရာဖြစ်ပါတယ်။

လူတွေဟာ အချိန်တိုင်းလို ရေကောင်းရေသန့်ကို နည်းမျိုးစုံနဲ့ မပြတ်အောင်အသုံးပြုမိခဲ့ကြသလို ဒီမြင့်မြတ်တဲ့ကိုယ်ကျင့်တရား

ကိုလည်း အမြဲမပြတ် နှလုံးသွင်းပြီး ဆောက်တည်စောင့်စည်းထိန်းသိမ်းသင့်ပါတယ်။

လူရွယ်က "အကိုကြီး ဒီသိက္ခာပုဒ်ကို လူတွေဘာကြောင့် ကျူးလွန်ဖြစ်ကြတာတုန်း" ကပွိုယကြီးကဝင်၍ "မင်းကလည်း ဒီလောက်ဆို တွေးလို့ရပါပြီ လောဘကြောင့်ဖြစ်ရတာပေါ့၊ ဒါက ငါ့ကိုယ်တွေ့မို့ပြောတာ။

မှန်ပါတယ် ကပွိုယကြီး ဒီသိက္ခာပုဒ်ကို ကျူးလွန်ကြတာ လိုချင်တပ်မက်မှု(လောဘ) ကြောင့်ဖြစ်ပါတယ်။ ဒီမကောင်းမှုကျူးလွန်စိတ်ကို ခြံရံပြီး အားပေးတဲ့ စိတ်တွေကတော့ မကောင်းမှုကို မရှက်ခြင်း(အဟိရိက)နဲ့ မကောင်းမှုကို မကြောက်ခြင်း(အနောတ္တပ္ပ) တို့ဖြစ်ပါတယ်။ အမှန်ကိုမသိမှု၊ အပြစ်ဟု မသိမြင်မှု(မောဟ)ကတော့ ခေါင်းချုပ်ဆရာကြီးပါပဲ။

"ဒီသိက္ခာပုဒ်ကို မကျူးလွန်သူတွေကတော့ လိုချင်တပ်မက်စိတ် (လောဘ)ကို ထိန်းသိမ်းတဲ့စိတ် မွေးမြူရမှာဖြစ်ပါတယ်။ ကောင်းတဲ့စိတ်ရဲ့ အခြေခံအရံတွေကတော့ မကောင်းမှုကိုရှက်ခြင်း (ဟိရီ)နဲ့ မကောင်းမှုကို ကြောက်ခြင်း(ဩတ္တပ္ပ)တို့ ဖြစ်ကြပါတယ်။ ဒီစိတ်တွေဟာ မြင့်မြတ်တဲ့စိတ်တွေဖြစ်လို့ ဒီမြင့်မြတ်တဲ့စိတ်တွေကို အခြေခံပြီး ဆောက်တည်စောင့်ထိန်းတဲ့ ကိုယ်ကျင့်တရားကိုလည်း မြင့်မြတ်တဲ့ကိုယ်ကျင့်တရားလို့ ခေါ်ဆိုနိုင်ပါတယ်။"

"ဒီသူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် ကြံစည်တဲ့သူတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ မကောင်းတာမျိုးတွေကိုလည်း ပြောပြပါအုံး မိတ်ဆွေကြီး" ဟု ကပွိုယကြီး ကဝင်ပြောပါသည်။

ဟုတ်ကဲ့ပြောပြပါ့မယ် ကပွိုယကြီး ဒီသိက္ခာပုဒ်ကိုကျူးလွန်လို့ ဖြစ်လာမယ့်ဆိုးကျိုးတွေက များလှပါတယ်။ ဒီလိုကြံစည်ခြင်းမှာ ကြံစည်ရုံသက်သက်ကတော့ ကြံစည်သူရဲ့ နှလုံးအိမ်အတွင်းသားကိုပဲ နောက်ကျူစေပါတယ်။ ပြင်ပပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိပါဘူး။ ဒါပေမဲ့ ပြုလုပ်သမျှအလုပ်(ကံ) တိုင်းမှာ စိတ်ဟာရှေ့က ဦးဆောင်ဖြစ်ပါတယ်။ စိတ်ကဦးဆောင်ကြံစည်မှသာ လက်တွေ့အလုပ်အဖြစ် အကောင်အထည်ပေါ်ကြတာဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" လို့ ဟောကြားတော်မူခဲ့ပါတယ်။ ဒီနေ့ လောကမှာ မြင်တွေ့နေကြရတဲ့ လူတစ်ဦးနဲ့တစ်ဦး ညီနဲ့အကို၊ မောင်နဲ့နှမ၊ သားနဲ့အဖ၊ သားနဲ့အမိတို့အကြားမှာရှိနေတဲ့ ပစ္စည်းကို မှန်ကန်မျှတစွာ မျှဝေခံစား


မှုမျိုးမဟုတ်ဘဲ တစ်ဦးတည်းအပိုင်စီးလိုမှုနဲ့ ဆောင်ရွက်နေကြတာဟာ သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် ကြံစည်စိတ်ရဲ့ ခြေရာလက်ရာတွေဖြစ်ပါတယ်။ ဒီ မကောင်းကြံစည်စိတ်တွေကြောင့် နှစ်ဦးနှစ်ဖက်အငြင်းပွားရာက နောက်ဆုံးတရားခုံရုံးရောက်ကြရပါတယ်။ ငွေကုန် လူပန်းစိတ်နွမ်းဖြစ်ကြရပါတယ်။ ဒီလောဘစိတ်ကို အခြေခံပြီး အငြင်းပွားမှုတွေကြောင့် လူတစ်ဦးနဲ့တစ်ဦး အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအထိ အငြင်းပွားမှုတွေဖြစ်နေကြရပါတယ်။ နိုင်ငံတကာမျက်နှာစာမှာကြည့်ရင် ရေပိုင်နက်အငြင်းပွားမှု၊ မြေပိုင်နက်အငြင်းပွားမှု၊ ကျွန်းပိုင်ဆိုင်မှုအငြင်းပွားတာတွေရှိနေပါတယ်။ တစ်ချို့ဆိုရင် ပိုင်ဆိုင်မှုအငြင်းပွားရာကနေ နှစ်နိုင်ငံစစ်ပွဲတွေအထိဖြစ်လာတာရှိပါတယ်။ "မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ" ကြတဲ့ လူ့သဘာဝ ထုံးစံအတိုင်း မူလက နိုင်ငံအုပ်စုဖွဲ့စည်းမှုတွေရှိနေလို့ အုပ်စုတွေအဖွဲ့လိုက် ဝင်ပါလာမယ်ဆိုရင်တော့ ကမ္ဘာစစ်အထိဖြစ်သွားနိုင်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ နယ်ချဲ့ခဲ့ကိုလိုနီ နိုင်ငံတွေ ပေါ်ပေါက်ခဲ့တာဟာ သူ့တစ်ပါးဥစ္စာကို ကိုယ့်ဥစ္စာဖြစ်အောင် ကြံစည်တဲ့စိတ် (အဘိဇ္ဈာ)နဲ့ အကျင့်ဆိုး (မိစ္ဆာအကျင့်)တွေကြောင့် ဖြစ်ပါတယ်။ ဒီအချက်တွေကတော့ မြင်သာထင်သာရှိတဲ့ မကောင်းကြံစည်မှုရဲ့ နောက်ဆက်တွဲမြင်ကွင်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ထင်သာမြင်သာအောင် မကြည့်နိုင်တဲ့ မကြည့်ဖြစ်ကြတဲ့ သူတစ်ပါးစည်းစိမ်ကို ကြံစည်မှု(အဘိဇ္ဈာ)လည်း ရှိနေပါသေးတယ်။

ကပ္ပိယကြီးနဲ့လူရွယ်က "ကျွန်တော်တို့ ထင်အောင်မြင်အောင် မကြည့်နိုင်တဲ့ သူတစ်ပါးစည်းစိမ်ကို ကြံစည်မှုဆိုတာ ဘယ်လိုမျိုးလဲ ကျွန်တော်တို့ စိတ်ဝင်စားလို့ပြောပြပါအုံး"

"ဟုတ်ကဲ့ ပြောပြပါ့မယ်။ လူတွေဟာ ကိုယ့်ကိုယ်ကို ငါမကောင်းမှု ကျူးလွန်နေတယ်လို့ ဂဃနဏ မသိနိုင်ကြဘဲ ကျူးလွန်မှန်းမသိ ကျူးလွန်နေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ကျွန်တော်တို့လူမျိုးတွေ လူတစ်ရာမှာ ရာနှုန်းပြည့်နီးနီး ကျူးလွန်နေကြတဲ့သိက္ခာပုဒ်ဖြစ်ပါတယ်။ အဲဒါကတော့ သူတစ်ပါးရဲ့ငွေကို လွယ်လင့်တကူနည်းနဲ့ အချောင်လိုချင်တဲ့စိတ်ကို အချေခံပြီး လုပ်နေကြတဲ့ သုံးလုံး၊ နှစ်လုံးနဲ့ ဘောလုံးလောင်းကစားတွေ ဖြစ်ပါတယ်။ ဒီနည်းလမ်းတွေဟာ သူတစ်ပါးဥစ္စာကို မိမိဥစ္စာဖြစ်အောင်

ကြံစည်တဲ့စိတ် (အဘိဇ္ဈာ)အခြေခံပြီး လုပ်နေကြတာဖြစ်ပါတယ်။ သုံးလုံးတွေ နှလုံးတွေကို အချိန်ကုန်ခံပြီး တွက်နေကြတာဟာလည်း မကောင်းတဲ့စိတ် (အဘိဇ္ဈာ)အခြေခံနေတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တော်တော်များများဟာ ဒီအလုပ်တွေကို လုပ်နေကြတာဟာ မကောင်းမှု (ဒုစရိုက်)တွေလို့ ပြတ်ပြတ်ထင်ထင် မသိမြင်ကြပါဘူး၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က တောမြို့လေးတစ်မြို့ရဲ့ ဆယ်ရက်တရားစခန်းမှာ ကျွန်တော်တရားအားထုတ်နေခဲ့ပါတယ်။ တရားစခန်းဖွင့်လို့ ခုနှစ်ရက်မြောက်နေ့မှာ တရားစခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ စကြ်န်လျှောက်ရင်း စကားတီးတိုးတီးတိုးနဲ့ လှုပ်စိလှုပ်စိဖြစ်နေပါတယ်။ ဒါကို ကမ္မဋ္ဌာနာစရိယဆရာတော်ဘုရားကြီးက အကဲခတ်ပြီး တရားဟောချိန်မှာ ထည့်ဟောပါတယ်။ အဲဒီကျမှ ယောဂီတွေ သုံးလုံးဖွင့်မယ့်နေ့မို့ မငြိမ်မသက်ဖြစ်နေကြတာကို သိခွင့်ရခဲ့ပါတယ်။ တကယ်တော့ ဝိပဿနာတရားအလုပ် လုပ်တယ်ဆိုတာ ကိလေသာငြိမ်းကြောင်းအကျင့်ကောင်းကို ကျင့်နေခြင်းဖြစ်ပါတယ်။ သမာဓိနဲ့ပညာစခန်းကို တက်လှမ်းနေခြင်းလည်းဖြစ်ပါတယ်။ အလွန်မြင့်မားတဲ့ အဆောက်ဦးတစ်ခုကို တည်ဆောက်ဖို့ အောက်ခံအုတ်မြစ်ကို ခိုင်ခိုင်မာမာချပြီးမှ အမြင့်ကိုတစ်ထပ်ခြင်း တည်ဆောက်ရသလို တရားဓမ္မရဲ့အမြင့်ဆုံး အနှစ်သာရဖြစ်တဲ့ သမာဓိနဲ့ပညာစခန်းတက်လှမ်းသူတွေမှာလည်း အောက်ခံအုတ်မြစ်ဖြစ်တဲ့ ကိုယ်ကျင့်တရား(သီလ)ကို သန့်ရှင်းခိုင်မာအောင် တည်ဆောက်ဖို့လိုပါတယ်။ အုတ်မြစ်မခိုင်မာဘဲ တက်သွားတဲ့ အဆင့်တွေဟာ ခိုင်မာမှုမရှိဘဲ ဖရိုဖရဲနဲ့ ပြိုလဲသွားနိုင်ပါတယ်။ ဒါ့ကြောင့် ကောင်းမြတ်တဲ့ကိုယ်ကျင့်တရား(သီလ)တွေကို ယောဂီတွေ ဂဃနဏ သိထားဖို့လိုသလို ဆောက်တည်လိုက်နာကျင့်သုံးဖို့လည်း အထူးလိုအပ်ပါတယ်။ ဒါပေမဲ့ သူတစ်ပါးဥစ္စာကို ကြံစည်မှု (အဘိဇ္ဈာ) သိက္ခာပုဒ်ကို ယောဂီတွေ ကောင်းစွာသဘောမပေါက် မသိရှိတဲ့အတွက် ကျူးလွန်မှန်းမသိ ကျူးလွန်နေကြပြီး တက်လှမ်းနေတဲ့ သမာဓိနဲ့ ပညာစခန်းလည်း အရာမရောက်ဖြစ်နေကြပါတယ်။

**ဦးတင်မြင့်**
နောက်လဆက်ရန်




# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍာ သိမှတ်ဖွယ်ရာ မိန်းမတို့၏ စရိုက်လက္ခဏာများ

**မြတ်နိုးခင်-ကျားပြန်**

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဆရာမက ဒီနေ့တပည့်တို့ကို အမျိုးသမီးတို့နဲ့ ဆိုင်ရာအခန်းကဏ္ဍတစ်ခုဖြစ်တဲ့ ဣတ္ထိကဏ္ဍမှာလာရှိတဲ့ စရိုက်လက္ခဏာတွေနဲ့ ပတ်သက်ပြီး လောကနီတိဆရာ ပြောဆိုဆုံးမထားတာတွေကို ပြောပြမယ်ကွဲ့။

လောကဓမ္မတာမှာ လမင်းကြီးဆိုတာ ရှိပြီးသားပဲ၊ လမင်းကြီးပြည့်ပြည့်ဝိုင်းဝိုင်းကြီး လသာနေပြီဆိုရင် ဘေးပတ်ဝန်းကျင်ရော မိမိနှင့်အခြားသူတို့ပါ ရင်ထဲအေးမြပြီး သာယာစိုပြေနေမှာ အမှန်ပင် လမင်းကြီးသာမရှိခဲ့ရင် (လမသာခဲ့ရင်) ညအခါသည် မတင့်တယ် မလှပါတော့ပါ၊ လှိုင်းတံပိုးကင်းသော သမုဒ္ဒရာ ပင်လယ်ပြင်သည်လည်း မတင့်တယ် မလှပနိုင်၊ ဟင်္သာတို့မှကင်းသော ရေကန်သည်လည်း မတင့်တယ် မလှပသကဲ့သို့ လင်မှကင်းသော (လင်မရှိသော) မိန်းမသည်လည်း လောကအလယ်မှာ မတင့်တယ် မလှပနိုင်ဘူးလို့ လောကနီတိဆရာမိန့်ဆိုထားတယ်ကွဲ့။

အဓိပ္ပာယ်ကတော့ သဘောပေါက်လောက်ပါပြီ၊ လမသာတဲ့ညဟာ မတင့်တယ် မသာယာသလို ပင်လယ်သမုဒ္ဒရာများမှာလည်း ကန်ရေမြစ်ရေတို့လို လှိုင်းတံပိုးမရှိလျှင် အင်္ဂါမစုံသလိုဖြစ်တတ်ပါတယ်။ ကြာ

မျိုးငါးပါးနဲ့ပြည့်စုံနေတဲ့ ရေကန်ကြီးဟာလည်း ဟင်္သာငှက်များ မလာရောက်ကြဘူးဆိုရင် ကျက်သရေမပြည့်စုံသလို အရွယ်ရောက်ပါလျက် ပေးစားထိမ်းမြားအပ်သော လင်ယောကျ်ားမရှိသေးတဲ့ မိန်းကလေးဆိုရင်လည်း နေတာထိုင်တာကမှအစ လောကအလယ်မှာ မတင့်တယ်ပါဘူး။ နားလည်ကြပြီလားကွဲ့။

"နားလည်ပါပြီး ဆရာမ"

ဆက်ပြီးတော့ လောကနီတိဆရာ မိန့်ဆိုထားတာက လူ့လောကမှာ အိမ်ထောင်ရှင်တိုင်း လိုက်နာထိုက်တဲ့ ဆုံးမစကားလေးပဲ။ လင်သည်သာလျှင် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေတတ်၏။ ထိုစည်းစိမ်ဥစ္စာတို့ကို မပျောက်ပျက်အောင် လုံခြုံအောင်စောင့်ရှောက်ရမည်မှာ မိန်းမတို့၏ တာဝန်ဖြစ်၏။ ဥပမာအားဖြင့် ပန်းတို့ကို သီကုံးသောအပ်ချည်ကြိုးနှင့်တူသည်သာတည်း။

အိမ်ထောင်တစ်ခု လင်နှင့်မယား နှစ်ဦးသားမှာ လင်သားကစီးပွားရှာမယ်ဆိုရင် မယားက လင်ရှာ၍ ရအပ်သော ငွေကြေးစည်းစိမ်ကို လုံခြုံအောင် သိမ်းစောင့်ရှောက်ရမယ်၊ လင့်ဝတ္တရားငါးပါး၊ မယားဝတ္တရားငါးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်ပါတယ်။ မိမိတို့အိမ်ထောင်မှာ လင်ယောကျ်ားသည်သာလျှင် ဦးစီးရှေ့ဆောင်တဲ့ အချုပ်အချာပိုင်ပုဂ္ဂိုလ်ဖြစ်ရမယ်၊ လင်က အပ်နှင့်တူ၍ မယားက အပ်နဖားတွင်ရှိသော အပ်ချည်နှင့်တူရမယ်လို့ လောကနီတိဆရာမိန့်ဆိုထားတာကို မှတ်သားဖူးတယ်။ သိကြပြီလားကွဲ့။

"သိပါပြီ ဆရာမ"

နောက်တစ်မျိုးလောကနီတိဆရာမိန့်ထားတာက "အလုံးစုံသောမြစ်တို့သည် ကောက်ကွေ့သောသဘောရှိကုန်၏။ ခပ်သိမ်းသောတောတို့သည် ထင်းအတိသာပြီးကုန်၏။ အလုံးစုံသောမိန်းမတို့သည် ဆိတ်ငြိမ်သောအရပ်ကို ရသည်ရှိသော် မကောင်းမှုကို ပြုမြဲဖြစ်ကုန်၏"လို့ ဆိုထားတယ်ကွဲ့။

အဓိပ္ပါယ်ကတော့ အားလုံးသော မြစ်တို့သည် ကောက်ကွေ့၏၊ တောဟူသမျှသည်လည်း ထင်းဖြစ်၏။ မိန်းမဟူသမျှလည်း ဖောက်ပြန်တတ်ကြတယ်တဲ့။ ထိုအကြောင်းကို မြတ်စွာဘုရားက အဏ္ဍဘူတဇာတ်မှာ အကျယ်ဟောပြထားတယ်။ နားလည်ကြ

ပြီလားကွဲ့။

"နားလည်ပါတယ် ဆရာမ"

နောက်တစ်မျိုးလောကနီတိဆရာဆို ထားတာက "ရန်ခိုက်တွေကြုံ ငြင်းခုံတတ်သော အလေ့ရှိသူ၊ ပြုံးစူစောင်းမြောင်း ပြောဆိုလေ့ရှိသူ၊ မြင်တိုင်းကို တပ်မက်လေ့ရှိသူ၊ များစွာလည်း ချက်၍စားတတ်သူ၊ လင်၏စားဦး စားလေ့ရှိသူ၊ သူတစ်ပါး၏အိမ်သို့ သွားနေတတ်သောသူ၊ ဤသို့သဘောရှိသော မိန်းမမျိုးကို သားယောက်ျားလေးတစ်ရာပင်ရှိငြားသော်လည်း လင်ယောက်ျားသည် စွန့်ပစ်ရာ၏ လို့ မိန့်ဆိုထားတာကို မှတ်သားဖူးတယ်။ အဓိပ္ပါယ်ကတော့ ထိုအပြစ်ခြောက်ပါးရှိနေတဲ့ဇနီးမယားဆိုလျှင် သားတစ်ရာမွေးထားတဲ့ ဇနီးမယားပင်ဖြစ်စေကာမူ လင်ယောက်ျားက စွန့်ပစ်ထိုက်ပါတယ်တဲ့။ အကြောင်းကာ ထိုမိန်းမသည် လင်ယောက်ျားကိုသော်လည်းကောင်း၊ အိမ်ထောင်ကိုသော်လည်းကောင်း ကောင်းကျိုးမပြု ဆိုးကျိုးပြုမှာသေချာလို့ပင်ဖြစ်တယ်။ အပြစ်ခြောက်ပါးလုံးပင်မဆိုထားနဲ့ အပြစ်တစ်ခုပင်ရှိစေဦး အိမ်ထောင်ရေးလင်နှင့်မယား အဆင်မပြေမှုတွေဖြစ်လာတတ်ပါတယ်။ ခိုက်ရန်ဒေါသဖြစ်လေ့ရှိမယ်၊ လင်ကိုဖြစ်စေ၊ အိမ်နီးချင်းကိုဖြစ်စေ ပြုံးစူစောင်းမြောင်းနေမယ်၊ မြင်သမျှကာမဂုဏ်ကို ခုံမင်တပ်မက်နေမယ်၊ သူများအိမ်

[ ကော် ၊ လည် း

အကြောင်းမဲ့ သွားလာနေထိုင်မယ်ဆိုရင် ထိုမိန်းမကြောင့် ပြဿနာအမျိုးမျိုးဖြစ်လာပြီး အရှက်ကွဲအကျိုးနည်းနိုင်ပါတယ်။ ဒါကြောင့် စွန့်ထိုက်တယ်လို့ လောကနီတိဆရာက ဆိုထားတာဖြစ်တယ်။ သဘောပေါက်ကြပြီးလားကွဲ့။

"သဘောပေါက်ပါတယ် ဆရာမ"

အေး- သားတို့၊ သမီးတို့ ဒီနေ့တော့ ဒီလောက်နဲ့ အတန်းနားကြစို့ နောက်နေ့တွေမှာလည်း လောကနီတိ ဆိုဆုံးမစာတွေကို ဆက်ပြီးပြောပြမယ်ကွဲ့။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

မြတ်နိုးခင်

မ.ဟ.န ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်ဘုရားကြီး၏
ဒါနသီလအခြေခံ သမထဝိပဿနာ
ရှုမှတ်ပွားများနည်း တရားတော်

A PRACTICAL WAY OF CALMNESS AND INSIGHT-MEDITATION BASED ON CHARITY AND MORAL ETHICS

ဦးအောင်သိန်းညွန့်(ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)

Translated by- U Aung Thein Nyunt (Retd. DYDG Religious Affairs)

အာရုပ္ပ (၄)ပါး

(၁) အာကာသာနဉ္စာယတန - အစအဆုံးမရှိ အနန္တကောင်းကင်ပညတ်ကိုရှုစိုက်ခြင်း၊

(၂) ဝိညာဏဉ္စာယတန - အစအဆုံးမရှိ အနန္တပထမာရုပ္ပဝိညာဏ်ကို ရှုစိုက်ခြင်း၊

(၃) အာကိဉ္စညာယတန - ဘာမျှမရှိသဘော နတ္ထိဘောပညတ်ကို ရှုစိုက်ခြင်း၊

(၄) နေဝသညာနာသညာယတန - သညာရှိသည်လည်းမဟုတ်။ မရှိသည်လည်း မဟုတ်သော တတိယာရုပ္ပဝိညာဏ်ကို ရှုစိုက်ခြင်း။

**The Four Arūpa-jhānas**

(1) **Ākāsānañcāyatana** - contemplation on the "Infinity of Space".

(2) **Viññānañcāyatana** - contemplation on the very first arūpa-jhāna,

(3) **Ākiñcaññāyatana** - contemplation on the non-existence of the first arūpa-consciousness,

(4)**Nevasaññānāsaññāyatana** - contemplation on the third arūpa- consciousness, thinking, "It is calm, it is sublime."

**ပဋ္ဌာန်ယဂ်တရား (၅)ပါး**

သမထလမ်းစဉ်ဖြင့်ဖြစ်စေ ဝိပဿနာ

လမ်းစဉ်ဖြင့်ဖြစ်စေ ဘာဝနာအလုပ် ကျင့်ကြံအားထုတ်တော့မည့် သူတော်စင်မှာ ရှိရမည့်အင်္ဂါရပ်များ၊ သိထားရမည့်အချက်အလက်များရှိ၏။ ယင်းတို့အနက် ရှိထားရမည့် အင်္ဂါရပ်များကို ဦးစွာထုတ်ပြလိုက်၏။ ရှိထားရမည့်ပဓာနိယင်္ဂတရား (၅)ပါးမှာ-

(၁) သဒ္ဓါယုံကြည်မှုရှိခြင်း၊

(၂) အားထုတ်နိုင်စွမ်းသည့် ကျန်းမာရေးနှင့်ပြည့်စုံခြင်း၊

(၃) ဖြောင့်မတ်မှန်ကန်သော စိတ်ထားရှိခြင်း၊

(၄) အကုသိုလ်ဒုစရိုက်များကို ပယ်ရှားပြီး ကုသိုလ်သုစရိုက်များ တိုးပွားအောင် ကြိုးစားမှု ဝီရိယရှိခြင်း၊

(၅) ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားသိမြင်နိုင်စွမ်းသော ပညာနှင့် ပြည့်စုံခြင်းတို့တည်း။

**Five Constituent Parts of a Meditator**

A yogī-meditator who would like to practise meditation-**Samatha** or **Vipassanā** should be replete with the following constituent parts:_

(1) having devotion and confidence.

(2) having strong health.

(3) having good-heartedness and honesty.

(4) having strenuous endeavour to avoid unwholesome deeds and to perform whole some deeds,

(5) having intelligence and reasoning,

encapable of realising material and mental phenomena.

**အပရိဟာနိယတရား ၇ ပါး**

ထို့ပြင် လောကီလောကုတ္တရာ ကြီးပွားတိုးတတ်ကြောင်း အပရိဟာနိယတရားများကို ဟောကြားတော်မူထားရာ တရားအားထုတ်မည့်သူတော်စင်၌ ရှိရမည့် အပရိဟာနိယတရား ၇ ပါးမှာ-

(၁) ဘုရားရှင်၌ရှိသေခြင်း၊

(၂) တရားတော်၌ ရှိသေခြင်း၊

(၃) သံဃာတော်၌ ရှိသေခြင်း၊

(၄) ကိုယ်ကျင့်သီလ၌ရှိသေခြင်း၊

(၅) သမာဓိသိက္ခာ၌ ရှိသေခြင်း၊

(၆) နည်းပေးလမ်းပြ ကလျာဏမိတ်ကောင်းရှိခြင်း၊

(၇) ကလျာဏမိတ်ကောင်း၏ နည်းပေးလမ်းပြအတိုင်း ကျင့်ကြံအားထုတ်ခြင်းတို့တည်း။

**Seven Factors of non-decline**

A yogī-meditator should also be replete with the following seven factors of non-declime:_

(1) paying deep respect to the Buddha,

(2) paying deep respect to the Dhamma,

(3) paying deep respect to one's moral precepts,

(4) paying deep respect to one's concentrative training-**samādhisikkhā**,

(6) having good associates,

(7). practising what has been shown by one's good associate.

**ဓမ္မန္တရာယ် ၅ ပါး**

ဤ၌ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်သူတို့ အထူးသတိပြုအပ်သည့် အချက်တစ်ရပ်ရှိ၏။ ဤသည်မှာ ဓမ္မန္တရာယ် ငါးပါးဖြစ်၏။ မည်မျှပင် တရားအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ်မရစေနိုင်သော ကံကြီးငါးပါး ရှိ၏။ ယင်းကံကြီးငါးပါးကို ကျူးလွန်သော သူများသည် မည်မျှပင် တရားအားထုတ် စေကာမူ ဈာန်မဂ်ဖိုလ်ကို ရရှိနိုင်ကြမည် မဟုတ်၊ တရားအန္တရာယ်ကို ပြုတတ်သောကြောင့် ယင်းကံကြီးငါးပါးကိုပင် ဓမ္မန္တရာယ် (ဓမ္မ+အန္တရာယ်) ဟုဆိုခြင်းဖြစ်၏။ ယင်း ကံကြီးငါးပါးကား ဤသို့ ဖြစ်၏။

(၁) ကမ္မန္တရာယ် - အမိသတ်သူ၊ အဘသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားရှင်အားသွေးစိမ်းတည်စေသူ၊ သံဃာသင်းခွဲသူ ဟူသော ပဉ္စာနန္တရိယကံထိုက်သူများနှင့်

ဘိက္ခုနီမဖျက်ဆီးသူ

(၂) ကိလေသန္တရာယ်- ကောင်းမှုမကောင်းမှုကံနှင့် ကောင်းကျိုးမကောင်းကျိုးကိုပယ်သော အကိရိယဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဟူသော သေလျှင် မုချမလွဲ အပါယ်ငရဲကျမည့် နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူ၊

(၃) ဝိပါကန္တရာယ်- အဟိတ်တိရစ္ဆာန်၊ သုဂတိအဟိတ်ဖြစ်သော နပုံး၊ ပဏ္ဍုပ်၊ ဥဘတောဗျည်းနှင့် ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်များ၊

(၄) အရိယူပဝါဒန္တရာယ်- အောက်ထစ်ဆုံးလူသောတာပန်မှစ၍ အရိယာပုဂ္ဂိုလ်အား သိလျက် သို့မဟုတ် မသိဘဲ စွပ်စွဲကဲ့ရဲ့ ဆဲရေးပြစ်မှားသူ၊ (တောင်းပန်ကကျေနိုင်သည်။)

(၅) အာဏာဝီတိက္ကမန္တရာယ်- ဝိနည်းသိက္ခာပုဒ်ကိုကျူးလွန်သော ရဟန်း၊ (ပါရာဇိကအစ ဒုက္ကဋသိတအဆုံးရှိသော အာပတ် ၇ ပုံအနက် အောက်ထစ်ဆုံးဒုက္ကဋသီ အာပတ်ရှိလျှင်ပင် ဈာန်မဂ်ဖိုလ်ကိုမရနိုင်၊ ပါရာဇိကအာပတ် လူမထွက်လျှင် ကုစားမရ၊ ကျန်အာပတ်များ ကုစားရသည်။)

**Five Kinds of Danger to the Dhamma**

Here are the five kinds of danger to the dhamma which should clearly be noticed by yogi-meditators. They can debar meditators from attaining Nibbānic bliss; however they try to practise meditation, they cannot attain Magga, Phala and Nibbāna. Therefore, they are actual dangers to the attainment of Magga, Phala and Nibbāna. They are:_

(1) **Kammantarāya**- matricide, patricide, murder of Arahat, injuring the living Buddha, committing schism in Sangha Order and trying to commit sexual intercourse with a bhikkhuni-female monk.

(2) **Kilesantarāya**- A wrong believe in the fact that all Kamma-actions and their results are nothing and non-effective.

(3) **Vipākantarāya**- Existence in animal life, being a

person of uncertain or neuter gender, being a hermaph rodite, and being a **dvihetuka** individual.

(4) **Ariyūpavādantraya**- Reviling and accusing Ariyan Individuals of something(if appologized the offence may be released).

(5)**Āṇāvītikkamantarāya**- The bhikkhu(monk) who has committed any one of 227 Vinaya Disciplinary Rules.

ဘာဝနာကမ္မဋ္ဌာန်းကို တကယ်တမ်း ပေါက်မြောက်ထင်ထင် အားထုတ်တော့မည့် သူတော်စင်သည် အဆိုပါကံကြီးငါးပါးကို မကျူးလွန်မိအောင် စောင့်ထိန်းဖို့လိုကြောင်း ကျူးလွန်မိပြီ သို့မဟုတ် ထိုအခြေအနေရောက် နေပြီဆိုလျှင်လည်း ကုစား၍ရက ပျောက် ကင်းအောင်ကုစားဖို့လိုကြောင်း၊ ရဟန်း တော်ဖြစ်လျှင် စတုပါရိသုဒ္ဓိသီလလုံခြုံဖို့ လိုကြောင်း၊ ကောင်းစွာမှတ်သားအပ်ပါသည်။

A yogī-meditator who would like to be engaged in meditational task should already have been devoid of the above-mentioned five kinds of dangers to the Dhamma. If the offence happens to have been transgressed, they should atone for the offence that has already been violated. It is very important for monks to be replete with Catupārisuddhi Sīla- Four Kinds of morality consisting of purification:(1) Restraint with regard to the Monk's Disciplinary Code; (2) Restraint of the senses; (3) Purification of livelihood; (4) Morality with regard to the 4 requisites of monk.

ဦးအောင်သိန်းညွန့်

**U Aung Thein Nyunt**

# ပြည်တွင်းသာသနာရေး

## သတင်းမှတ်တမ်း

### သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဓသမ အစည်းအဝေး ပထမနေ့ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဓသမအစည်းကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သြဝါဒကထာကို မြွက်ကြားတော်မူသည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားခဲ့သည်။

ယင်းအစည်းအဝေးကို ၂ ရက်တိုင်တိုင် ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများအား ဒါယကာ ရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

# ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ကုလသမဂ္ဂငြိမ်းချမ်း ရေးခေါင်းလောင်း၏ ပုံစံတူကို ပေးအပ်လှူဒါန်း

ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူကို မြန်မာနိုင်ငံသို့ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင်လ ၁၂ရက်နေ့ မွန်းလွဲ ၁ နာရီက အမျိုးသားပြတိုက် (နေပြည်တော်)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စစ် စဲကိုတာကစဲက ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း ပုံစံတူ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်းပုံစံတူလှူဒါန်းခြင်းအတွက် ဝမ်းမြောက်ကြောင်းနှင့် ဂျပန်နိုင်ငံငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို အထူးကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး လှူဒါန်းခြင်းသည် မွန်မြတ်၍ တန်ဖိုးရှိလှသော လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေးကို တိုးမြှင့်ပေးသည့် အခြေခံတစ်ခုအဖြစ် ရပ်တည်မည်ဟု ယုံကြည်ကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်း၍မရနိုင်ပါကြောင်း၊ ယုံကြည်မှုသည် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ယခုလှူဒါန်းသည့် ခေါင်းလောင်းပုံစံငယ်မှာ အလေးချိန် လေးကီလိုဂရမ်၊ အချင်း ၁၅၀ မီလီတာ၊ အမြင့် ၂၆၅ မီလီမီတာရှိပြီး နိုင်ငံပေါင်း ၆၅နိုင်ငံမှ လှူဒါန်းသည့် ရှေးဟောင်းဒင်္ဂါးများ၊ ဂျပန်ဓားများ၊ ကျဉ်ဆန်ခွံများ၊ ကြေးတံဆိပ်များ၊ ပေါင်းစုသွန်းလုပ်ခဲ့ကာ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲပါစေဟူသည့် ခန်းဂျီ စာလုံးရှစ်လုံးကို ရေးထိုးထားကြောင်းနှင့် ၁၉၅၄ခုနှစ် ဇွန်လ ၈ ရက်တွင် ကုလသမဂ္ဂသို့ အဆိုပါခေါင်းလောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ပထမဦးဆုံး ခေါင်းလောင်းပုံစံငယ်ကို ကုလသမဂ္ဂအထွေထွေအုပ်ချုပ်ရေးမှူးဦးသန့်ကို လက်ဆောင်အဖြစ်ပေးအပ်ခဲ့ဖူးကြောင်း သိရပါသည်။

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊
## သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင်
## ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

**No** **Name of Book**

၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
၂။ သဒ္ဓမ္မဇောတိကပဋ္ဌာန်း
၃။ သဒ္ဓမ္မဇောတိက၊ အဘိဓမ္မာ
၄။ သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ်
၅။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ
၆။ ကပ္ပိယကောင်းတစ်ယောက်
၇။ အလှူဒါနအမျိုးမျိုး
၈။ သီလ(သို့) ကိုယ်ကျင့်တရား
၉။ ဂုဏ်တော်(မြန်မာ)
၁၀။ အခြေခံ လူငယ်အဘိဓမ္မာနှင့် တေးကဗျာ
၁၁။ သာသနာပြုအခြေခံကိုယ်ကျင့်တရား
၁၂။ ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော်
၁၃။ ဘဝတန်ဖိုးမြှင့်သြဝါဒကထာ
၁၄။ အမျိုးသားယဉ်ကျေးမှု
၁၅။ သပ္ပုရိသဝတ်ရွတ်စဉ်
၁၆။ ဗုဒ္ဓနှင့် ပြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု
၁၇။ ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| 1. | How to Live As a Good Buddhist Vol.I |
| 2. | How to Live As a Good Buddhist Vol.II |
| 3. | Teaching of the Buddha(Higher Vol.I) |
| 4. | Teaching of the Buddha (Higher Vol.II) |
| 5. | Ekaka Duka |
| 6. | Dhammapada (Thick) |
| 7. | Dhammapada (Thin) |
| 8. | Intro Dhammasaṅgaṇī |
| 9. | Dhammasaṅgaṇī |
| 10. | Mahasatipaṭṭhāna |
| 11. | Catukka Nipata PaLi |
| 12. | Uparipaṇṇāsa |
| 13. | Nidāna Saṁyutta |
| 14. | Khandhvagga Saṁyutta |
| 15. | The Nine Attributes of the Buddha |
| 16. | ဝိပဿနာဘာဝနာ CD ခွေ |
| 17. | Buddhism Hand Book |
| 18. | Pārājika Pāḷi |
| 19. | Mūlapaṇṇāsa |
| 20. | Teaching of the Buddha (Basic Level) |
| 21. | Tika Nipata PaLi |
| 22. | Dīgha Nikaya |
| 23. | Majjhimapaṇṇāsa |
| 24. | Ekaka, Duka, Tika & Catukka Nipata PaLi Vol 1 |
| 25. | Pancaka, Chakka & Sattaka Nipata PaLi Vol 2 |
| 26. | Atthaka, Navaka, Dasaka & Ekadasaka Nipata PaLi Vol. 3 |


ACA
ပညာရိပ်မြိုင်
Since 1983
မောင်ခိုင်ခန့်ထွန်း
နှစ်ထပ်ကွမ်းလှုရှည်ချွန်
ကိုယ်ပိုင်အထက်တန်းကျောင်း
မသုဆက်ဝင့်
နဝမတန်းလှုရှည်ချွန်
၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
ဘာသာစုံ ဂုဏ်ထူးရှင်များ
မောင်ခိုင်ခန့်ထွန်း
ဆမ၃ ၁၄၇၇
မောင်မိုင်းထက်အိမ်လင်း
ဆမ၃ ၁၄၉၉
မောင်အောင်သူဟိန်း
ဆမ၃ ၁၅၁၅
(၅)ဘာသာ ဂုဏ်ထူးရှင်များ
မရတနာခင်
မအေးချမ်းနိုင်
မအေးမြတ်စု
မသက်ထားဇွန်
မောင်စည်သူတင်
မရတနာဦး
မောင်ကောင်းမြတ်သူ
မချိုယဉ်သွယ်
မယဉ်မင်းအိ
မထက်ဝတီအောင်
ACA
သားသမီးပညာရေးအတွက် ACA မှာစိတ်ချ
ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့ မြောက်ဥက္ကလာပမြို့။
Ph : 9691123, 9692174, 09 73242687, 09 5057071, 09 73019477
http://www.aca-educentre.com